
ဓိတ်ကူးချိုချိုအနုပညာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

# မဟာဂီတဦးဖြိုးချို

## စာပေနှင့်ကဗျာဂီတ



ဒုတိယအကြိမ်

mgyoe.com

မာဃ

မောင်သုတ

နန်းညွန့်ဆွေ

သေူတို့၏

# မဟာဂီတဦးပြုံးချို

ဆရာကြီး၏ စာပေနှင့်ကဗျာဂီတလက်ရာများနှင့်

မဟာဂီတဦးပြုံးချို

စိတ်ကူးချိုချိုစာအုပ်တိုက်မှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက်
ပြန်လည်စီစဉ် ထုတ်ဝေပေးခြင်းဖြစ်ပါသည်။

ISBN9789997118073
ANB122
9 789997 118073
1,500.00KS

mgyoe.com

စာပေနှင့် ကဗျာဂီတ၊ မဟာဂီတ ဦးပြုံးချို
မျက်နှာဖုံးပန်းချီ - [redacted] ကျော်ပြုံးစံ
စာမျက်နှာ ၉၃++ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၇ နှလုံးလှစာအုပ်တိုက်၏ ပထမအကြိမ်မှု

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# စာပေနှင့် ကဗျာဂီတ

## မဟာဂီတ ဦးပြုံးချို

ဒုတိယအကြိမ်၊ ၂၀၀၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| – | တပ်လှန့်ဂုဏ်ခင်းပွဲ | မာဃ | ခ |
| – | ပထမအကြိမ်ထုတ်ဝေစဉ်က နိဒါန်း | မြန် စာ ပြန့် | င |
| – | ဦးပြုံးချို (၁၂၄၀–၁၂၈၉) | မောင်သုတ | ဈ |
| – | ဦးပြုံးချိုနှင့် နတ်လမ်းညွှန် | နန်းညွန့်ဆွေ | ထ |

၁။ ဆရာကြီး ဦးပြုံးချို၏ ကျိုက်ထီးရိုး နတ်လမ်းညွှန် ၁

၂။ မဟာဂီတ ဦးပြုံးချို၏ တေးကဗျာစု ၇၅


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# တပ်လှန့်ဂုဏ်ခင်းပွဲ

ဂီတဘောင် ရေယဉ်ကြောမှာလ
သဘော်နှယ် စုန်ဆန်ဝင်တဲ့ပြင်
စာပေတွင် စွယ်စုံတတ်တာကြောင့်
ကျိုက်လတ် ရတနာမြေက
သတင်းတွေ လျှံကာထွက်ပါလို့
အောက်ထက် နိုင်ငံနှံ့ပါပဲ
ချီးကျူးသံ ဘယ်မဆံ့ပြီဘု
ဂုဏ်ရနံ့တွေက လှိုင်ကြိုင်မြိုင်။

ပိဋကတ်ကိုလ
အတတ် ပါရဂူဟု
အဆူဆူ ပညာရှိပေမင့်
လူသိကာ သဘောညဏ်ပေါက်ရအောင်
ရေးသလောက် (ဟောသလောက်) အရာတွင်ဖို့

mgyoe.com

mgyoe.com



ဗမာတွင် (ကမ္ဘာတွင်) ရှာမှရှားပါပဲ
ကျိုက်လတ်သား ဆရာချိုကတော့
စာအလို တေးသံဖက်ပါလို့
လူတိုင်းနော် နှုတ်မှာတက်လောက်အောင်
ဓမ္မောညဏ် ကြီးကျယ်ချက်တွေနဲ့
တေးဘုမ္မာ ချီကာဆက်လိုက်တယ်
လေးနက်ခန့်ပိုင်။

နောက်ကြောင်းနော် ပြန်ကာလှစ်ရလျှင်
ဇာစ်မြစ် အညာမြေက
မဟာဆွေ မှူးမတ်မျိုးပါပဲ
အဘိုးမှာ ဂုဏ်မသေးတဲ့ပြင်
အဘေးမှာ ကိုးတိုက်အုပ်လေတဲ့
ဗန့်ကျီဝန် ဦးရွှေရုပ်ရယ်လို့
ခေါင်ချုပ် နေလိုထင်ရတဲ့
အိမ်ရှေ့ ရွှေဘိုသခင်နဲ့
နောင်တော်ဘုရင် မင်းမတ်အပေါင်းရယ်တို့
အကြောင်း မညီညာ၍
ဆူပူလာ အရေးတော်တုန်းဆီက
ရှောင်ပုန်းရန် အကြေသို့ပြေးခဲ့ရ
မျိုးဆွေစဉ် ဘယ်မဝေးပြီဘု။
ဆရာစီ ဒေါ်ဒေါ်ထွေးတို့မှ
ဦးပြုံးချို ဖွားကာမွေးခဲ့တယ်
လေးဆယ်ပြည့် တစ်ထောင်ဆိုင်
နှစ်ရာတိုင်လေတဲ့ ကောဇာတွင်း။

mgyoe.com

mgyoe.com



တကယ်ထောက်လိုက်တော့
အရွယ်မရောက်မီက
ဆယ်ကျူးမြောက် တစ်နှစ်အပိုတွင်
စာအဆို ကဗျာတတ်ရယ်လို့
ပညတ် အခေါ်ခံခဲ့ရ
မပေါ်ဉာဏ် သဘင်မှုရယ်နဲ့
ပန်းပုပန်းချီပါ
အင်ဂျင်နီ–ယာအတတ်ကဲ့ပြင်
ပညာရပ် စုံလင်စွာနဲ့
ဘဝတစ်လျှောက်တွင် စုန်ဆန်ရာက
ဓာတ်ဆရာ ကျမ်းဆရာ အယ်ဒီတာလုပ်ခဲ့တဲ့
ဂုဏ်ပုဒ်တွေ ဖန်ဖန်ဆန့်ပါလို့
အနုပညာတွေကို ထင်စွာဖြန့်နေတဲ့
အသင်းတော် မြန်မာပြန်ရယ်က
ဦးပြုံးချို နှစ်တစ်ရာခန့်မှာ
(ပြည်သူတို့ရေ...) တပ်လှန့်ဂုဏ်ခင်း။ ။

မာဃ

mgyoe.com

mgyoe.com

# ပထမအကြိမ်ထုတ်ဝေစဉ်က
# နိဒါန်း

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကို ခရစ်နှစ် ၁၉၅၈ ခုနှစ် မြန်မာနှစ် ၁၃၂၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သည်ဖြစ်ရာ ယခုဆိုလျှင် သက်တမ်း ၁၉ နှစ်မျှ ရှိခဲ့လေပြီ။ ဤ ၁၉ နှစ်သော ကာလအတွင်းတွင် မြန်မာနိုင်ငံ စာပေပြန့်ပွားရေး အသင်းဝင်များနှင့် အမှုဆောင်များသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့ အခမ်းအနားများကို မပျက်မကွက် ကျင်းပနိုင်ခဲ့ရုံမျှမက အကြောင်းအားလျော်စွာ ကြုံကြိုက်လာသော စာပေဟောပြောပွဲ အခမ်းအနားများ၊ စကားရည်လုပွဲများကိုလည်း အကြိမ်များစွာ ကျင်းပခဲ့သည်။ မြန်မာမှုဟူသမျှတို့သည် စာပေအပေါ်တွင် အခြေခံသည်ဖြစ်သောကြောင့် စာပေကို အလေးပေးဖော်ထုတ်ခဲ့သည့် ကွက်စိပ်၊ စာဟောပွဲများကိုလည်း ကျင်းပခဲ့သေးသည်။ ထို့ပြင်လည်း စာပေနှင့်ဇာတ်သဘင်၊ စာပေနှင့် ရုပ်ရှင်၊ စာပေနှင့်ဂီတ ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့ပြန်သည်။

ယင်းသို့ စာပေ့တာဝန်ကို အညီအညွတ် ထမ်းဆောင်လာခဲ့ရာတွင် နှောင်းခေတ် မြန်မာစာပေသမိုင်းတွင် အက္ခရာတင်၍ ကျန်ရစ်

mgyoe.com

mgyoe.com



စေရန် လုံးချင်းစာအုပ်ကြီးများကိုလည်း ပြုစုထုတ်ဝေခဲ့သည်။

၁။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး
၂။ ဝ…တို့ ဌာနီ
၃။ အနုပညာလောက (၁)
၄။ အနုပညာလောက (၂)
၅။ အနုပညာလောက (၃)
၆။ ရှင်မဟာရဋ္ဌသာရ
၇။ မြဝတီမင်းကြီး
၈။ ကျော်အောင်စံထား
၉။ ဗညားဒလ
၁၀။ စိန္တကျော်သူ
၁၁။ မင်းလက်ဝဲနော်ရထာ
၁၂။ ဦးဖိုးကျား ဆောင်းပါးပေါင်းချုပ်
၁၃။ ဟံသာဝတီ

ဟူ၍ ၁၃ အုပ် ရှိခဲ့လေပြီ။ ဤစာအုပ်များကို ထုတ်ဝေခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းတွင် ခံယူချက်တစ်ခုထားရှိသည်မှာ မြန်မာနိုင်ငံတွင် မြန်မာနည်း မြန်မာဟန်ဖြင့် မြန်မာ့ယဉ်ကျေးမှု အနုပညာစာပေများကို သုတေသနသဘော ဦးစီးပေး၍ ထုတ်ဖော်တင်ပြလိုသည့်ဆန္ဒပင် ဖြစ်ပေသည်။ ဤလုပ်ငန်းမှာ လုပ်သင့်လုပ်ထိုက်သောလုပ်ငန်းလည်း ဖြစ်သည်။ လိုလည်း လိုအပ်နေသည်ဟု သဘောရရှိသည်။

ဤသို့ဖြင့် အထက်ပါ လေးနက်ခိုင်မာသည့် စာအုပ်ကြီးများသည် ထွက်ပေါ်လာခဲ့ရပေသည်။ ယခုလည်း စာပေမှတ်တိုင် အမှတ် ၁၄ ကို စိုက်ထူရပြန်ပါသည်။ ကျိုက်လတ်ဆရာကြီး ဦးပြုးချိုနှင့် လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးတို့အား ၁၂၄၀ ပြည့်နှစ်တွင် ဖွားမြင်သည်ဖြစ်ရာ နှစ် ၁၀၀ ပြည့်မွေးနေ့ပွဲ ပြုလုပ်မည်ဆိုလျှင် နှစ်ဦးဖြစ်၍ နေပေသည်။ သို့ဖြစ်ရာ လယ်တီပဏ္ဍိတဦးမောင်ကြီး ကွယ်လွန်သည့် ၂၅ နှစ်မြောက် မွေးနေ့ပွဲကို ဤအသင်းက စောစီးစွာကျင်းပခဲ့ပြီး

mgyoe.com

mgyoe.com



ဖြစ်၍ လယ်တီပဏ္ဍိတအမည်ရှိ စာအုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်သောကြောင့် ဤတွင်ရာပြည့်ပွဲကို ထပ်မံ၍မပြုလုပ်တော့ပေ။ ဆရာကြီးဦးပြုံးချိုကိုသာ ဂုဏ်ပြုပွဲပြုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်ကြပေသည်။

အမှန်အားဖြင့် ၁၃၄၀ ပြည့်နှစ်တွင်မှ ရာပြည့်ပွဲ ကြုံကြိုက်သည်။ သို့ရာတွင် အသက် ၁၉ နှစ် ပြည့်လျှင် အသက် ၂၀ ဟု ယူဆ၍ ပဋ္ဌင်းခံနိုင်သည်ဟု မြတ်စွာ ဘုရားသခင်က ခွင့်ပြုခဲ့သည့်ထုံးကို နှလုံးမူသောအားဖြင့် တစ်နှစ်ကြို၍ ပြုလုပ်ခြင်းမှာလည်း လျော်ကန်သင့်မြတ်သည်ဟု ယူဆအပ်ပေသည်။

ဆရာကြီး ဦးပြုံးချိုအား မဟာဂီတပညာရှင်ကြီး၊ စာပေဂီတဓာတ်သဘင်၊ မြန်မာမှုအထွေထွေတို့တွင် ဗဟုသုတ ပြည့်ဝစုံလင်သည့် ပုဂ္ဂိုလ်ကြီး၊ စက်မှုလက်မှု ပညာရပ်အမျိုးမျိုးတို့ကိုလည်း တီထွင်ဖန်တီးနိုင်သည့် စွယ်စုံပညာရှင်ကြီးအဖြစ် အသိ အမှတ်ပြုကြရပေသည်။ သို့ရာတွင် ဆရာကြီး ဦးပြုံးချိုအား အမျိုးသားစိတ်ဓာတ်ပြင်းပြသူ၊ မျိုးချစ်ဝံသာနုကြီး တစ်ဦးအနေနှင့် မသိကြပေ။ ထို့ကြောင့် ဤအချက်ကို ဤစာအုပ်၌ အလေးအနက်ထား၍ ဖော်ပြလိုက်ရပေသည်။

ဤစာအုပ်တွင် ဆရာကြီး ဦးပြုံးချို၏ အတ္ထုပ္ပတ္တိ၊ ဆရာကြီးဦးပြုံးချို ၁၉၂၀ ပြည့်နှစ်က ရေးသားထုတ်ဝေခဲ့သည့် ကျိုက်ထီးရိုးဘုရား နတ်လမ်းညွှန်နှင့် ဆရာကြီး၏ ကဗျာများ သီချင်းဂီတများကို စုစည်းတင်ပြထားလေသည်။ ကျိုက်ထီးရိုးဘုရား နတ်လမ်းညွှန်မှာ တိမ်မြုပ်နေသည့်စာကို ပြန်လည်ထုတ်ဖော်ခြင်းလည်းဖြစ်၍ ဆရာကြီး၏ ပြင်းပြသော အမျိုးသားစိတ်ဓာတ်ရှိပုံကိုလည်း သက်သေတင်ပြလိုခြင်းကြောင့် အစအဆုံး ထည့်သွင်းဖော်ပြလိုက်ရပေသည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် နှောင်းခေတ် မြန်မာစာပေသမိုင်းအတွက် လိုအပ်ချက်တစ်ခုကို ကူညီဖြည့်ဆည်းနိုင်ခဲ့ပြီ ဖြစ်သောကြောင့် ကျေနပ်ဝမ်းမြောက်ခြင်း ပီတိဖြစ်ရပါသည်။ ဤစာများကို ပြန်လည် ထုတ်ဝေရန် သဘောတူခွင့်ပြုသည့် ဆရာကြီး၏သားသမီးများကို ကျေးဇူးတင်ပါသည်။ စာအုပ်

mgyoe.com

mgyoe.com



အဖြစ် သပ်ရပ်သေချာစွာ ပုံနှိပ်လုပ်ဆောင်ပေးသည့် နှလုံးလှစာပေတိုက်မှ ဦးချစ်အောင်နှင့် အဖွဲ့သားများအားလည်း ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း

❐

mgyoe.com

mgyoe.com



# ဦးပြုံးချို

(၁၂၄၀ - ၁၂၈၉)

ဂီတသုတေသီ၊ ဂီတပညာသည် အပေါင်းတို့၏ အားကိုး အားထားရာဖြစ်သော "မဟာဂီတပေါင်းချုပ်ကြီး"ကို ရေးသားစီရင်ခဲ့သူ ဆရာကြီး ဦးပြုံးချိုမှာ ကျိုက်လတ်မြို့သားဖြစ်၍ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့လေသည်။ အဖ ဆရာစီ၊ အမိဒေါ်ထွေးတို့၏ သားကြီး ဩရသဖြစ်ပါသည်။

ဦးပြုံးချိုကို ကျိုက်လတ်မြို့တွင် ဖွားမြင်ခဲ့သည်ဖြစ်သော်လည်း ဦးပြုံးချို၏ ဖခင်ဖြစ်သော ဆရာစီ၏မျိုးရိုးမှာ အကြေအရပ် မြစ်ဝကျွန်းပေါ်ဒေသမဟုတ်။ အထက် မြန်မာပြည် သူကောင်းမျိုးရိုးမှ ဖြစ်လေသည်။ ဦးပြုံးချို၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များမှာလည်း မြန်မာ ဘုရင်မင်းမြတ်တို့ သူကောင်းပြုခြင်းခံရသော မြို့စား၊ ရွာစားသာ ဖြစ်ကြပါ၏။ ဗန့်ကျီ၊ ဗန့်မော်စသော ဗန့်ကျီ ကိုးတိုက်ကို စားရသော ဗန့်ကျီဝန် ဦးရွှေရုပ် ဆိုလျှင် ဦးပြုံးချို၏ "ဘေး"ပင် ဖြစ်သတည်း။

သက္ကရာဇ် ၁၁၉၈ ခုနှစ်မတိုင်မီ ဖြစ်ပွားခဲ့သော သာယာဝတီ

mgyoe.com

mgyoe.com



မင်း အရေးတော်ပုံကြောင့် မြို့စား၊ ရွာစား မင်းညီ၊ မင်းသားအများ ဘေးသင့်၍ ကယောက်ကယက် ဖြစ်နေကြရစဉ် ဦးပြုံးချို၏ဘိုးဘေးများမှာ စုမိသမျှသော ဆွေမျိုး၊ အခြံအရံများနှင့် ဧရာဝတီမြစ်ကြောင်းအတိုင်း လှေကြီးများဖြင့် စုန်ဆင်းလာကြပြီးလျှင် ယခုအခါ ပန်းတနော်မြို့တည်ရှိသော မြေနေရာတွင် ရွာတည်၍ အေးချမ်းသာယာစွာ ရုပ်ဖျောက်နေထိုင်ခဲ့ကြသော မျိုးရိုးမှ ဦးပြုံးချိုကို ဆင်းသက်ပေါက်ဖွားလာခဲ့ခြင်း ဖြစ်ပေသည်။

ဦးပြုံးချိုသည် ငယ်စဉ်ကပင်လျှင် ပါရမီရင့်သန်လာခဲ့သည့်အလျောက် ၁၁ နှစ်သားအရွယ်တွင် “စာရေးဆရာ”ကလေး ဖြစ်ခဲ့သည်။ ဖြစ်ဟန်ကား သက္ကရာဇ် ၁၂၅၁ ခုနှစ်ဖြစ်သော ထိုအချိန်အခါက မေးရိုက်၊ မေးဝဲသီချင်းသံများ အလွန်ခေတ်စား၍နေခိုက် မေးရိုက်၊ မေးဝဲသီချင်းများရေးရာတွင် လူကြီးများကပင် လက်ဖျားခါရလောက်အောင် ရေးစွမ်းနိုင်သောကြောင့်တည်း။ ထို့ကြောင့်လည်း ၁၆ နှစ်သားပြည့်မြောက်သောအခါ၌မူကား ဦးပြုံးချိုသည် သီချင်းဆရာနှင့် စောင်းပညာတို့ကို မင်းပွဲသဘင်တွင် ထင်ပေါ်ကျော်ကြားလောက်အောင်ပင် တတ်မြောက်ကျွမ်းကျင်၍ နေလေပြီ။

သို့နှင့် ကျိုက်လတ်နယ်၊ ဖျာပုံနယ်တို့သို့ ရောက်ရှိလာသမျှသော စာရေးဆရာများ၊ သဘင်သည်များနှင့် ပြုံးချိုကလေးတို့သည် မကြာခဏ ပညာပြိုင်ဆိုင် တိုက်ခိုက်ကြသည်။ အပိုလုံးမပါ စကားလုံးတိုင်းတွင် အဓိပ္ပာယ်ပြည့်ပြည့်စုံစုံနှင့် ထိမိစွာ ရေးနိုင်သော ပြုံးချိုကလေးကသာ သာသည်ချည်းများလေသည်။

ဦးပြုံးချိုသည် စာပေပညာဘက်တွင်သာ ထူးချွန်သည် မဟုတ်သေး၊ အသက်မွေးရာ၊ ဝမ်းကျောင်းရာဖြစ်သော ပညာအရပ်ရပ်တို့၌လည်း သူမတူအောင် ထူးချွန် တတ်မြောက်ပေသေးသည်။ သို့ထူးချွန်တတ်မြောက်လာနိုင်ရန်အတွက်လည်း ဆရာကြီး ဦးပြုံးချိုသည် ၁၃ နှစ်သားအရွယ်လောက်မှစ၍ မိဘတို့နှင့် အတူမနေဘဲ ကိုယ်ထူးကိုယ်ချွန် သဘောမျိုးဖြင့် ကွမ်းခြံကုန်းမြို့နှင့် တခြားမြို့ရွာများသို့ သွားရောက်နေထိုင်ကာ ထိုထိုပညာများကို မနေ၊ မနား ကြိုးစား

mgyoe.com

mgyoe.com



ရှာမှီးခဲ့ခြင်း ဖြစ်ပေသည်။

ဦးပြုံးချိုသည် ပန်းချီကိုလည်း ကောင်းစွာရေးတတ်၏။ သူကိုယ်တိုင် ဦးစီး တည်ထောင်သော ဇာတ်ပွဲများတွင် နန်းတော်ကား၊ မြို့ရိုးကား၊ တောကား၊ တောင်ကား မှန်သမျှ သူကိုယ်တိုင် ပန်းချီဆရာ လုပ်၍ ရေးဆွဲတပ်ဆင်သောကားများ ဖြစ်ချေသည်။

ပန်းချီပညာတွင်သာ မဟုတ်သေး၊ ပန်းပု၊ ပန်းပဲအတတ်ကို လည်း တတ်ပွန်ပေသေး၏။ သံထည်များ ပန်းဖောက်သော လုပ်ငန်းကို လည်း တတ်စွမ်းပေသေး၏။ "အင်ဂျင်နီယာ"ခေါ် ဗိသုကာအတတ်ကို လည်း တတ်ကျွမ်းပေသေး၏။ ဤတွင် ဦးပြုံးချို အသက်အစိတ်ခန့်က နိုင်ငံခြားမှရောင်းချသော ဆလင်ဒါတစ်လုံးထိုး မီးသဘော်ကလေး များ၊ သံပတ်သဘော်ကလေးများ မြန်မာပြည်တွင် မပေါ်သေး။ သို့ရာ တွင် ဤကဲ့သို့ နမူနာအဖြစ်ကြည့်ရန် ပစ္စည်းမရှိပါဘဲလျက် အလျား ၄ ပေ၊ ၅ ပေခန့်ရှိ မီးသဘော်ကလေးတစ်စင်းကို ဦးပြုံးချို တည် ဆောက်ရာ တစ်နေ့သောအခါတွင် ကျိုက်လတ်မြို့သို့ ရောက်ရှိလာ သော အရေးပိုင်မေဂျာ မက္ကဆွဲက ဦးပြုံးချိုအား အင်ဂျင်နီယာလက်မှတ် ရှိ၊ မရှိ၊ ရ၊ မရ မေးပေ၏။ ဦးပြုံးချိုက လက်မှတ်မရကြောင်း၊ သို့ရာ တွင် ဧရာဝတီ မီးသဘော်ကို မောင်းသော သဘော်သူကြီးမှာ သူနှင့် အလွန် ချစ်ခင်သဖြင့် ဧရာဝတီ မီးသဘော်ကြီး စက်ဝင်းထဲသို့ဝင်၍ ကြည့်ခွင့်ပြုသဖြင့် သုံးကြိမ်ခန့် ဝင်ရောက်ကြည့်ရှုခဲ့ရဖူးသောကြောင့် ယခုကဲ့သို့မီးသဘော်ကလေးကို လုပ်တတ်လာကြောင်းနှင့် ဖြေလျှင် အရေးပိုင်လုပ်သူက နောက်နောင်မလုပ်ရန် အကြောင်း၊ အစိုးရက ဖမ်းနိုင်ကြောင်း ရယ်မောပြောဆိုကာ ဦးပြုံးချို၏သဘော်ကို ငွေ ၅၀ ကျပ် ပေး၍ ဝယ်ယူသွားဖူးသည်။

ဤမျှသာမကသေး၊ "ပညာရှာ၊ ပမာ သူဖုန်းစား"ဟူသော ဩဝါဒကို လက်ကိုင်ထားပေသော ဦးပြုံးချိုသည် ကမ်းနားတွင် ငါးသလောက်ပိုက်ထိုးနေသော ခေါ်တောကုလားထံ ချဉ်းကပ်၍ ပိုက် ကွန်ထိုးတတ်အောင်လည်း သင်ယူသည်။ ယုတ်စွအဆုံး နိုင်ငံတော် အစိုးရက ခွင့်မပြုသည့် ငွေဒင်္ဂါးအတု သွန်းလုပ်နည်းကိုပင် လေ့လာ

mgyoe.com

mgyoe.com



တတ်မြောက် ကျွမ်းကျင်သည်။

မီးကျည်၊ မီးပန်း၊ ဖြောက်အိုး၊ ပေထုပ် စသော လုပ်ငန်းသည်လည်း ဦးပြုံးချိုအဖို့ အထူးအဆန်း မဟုတ်ပေ။ ထို့ကြောင့် ပထမကမ္ဘာစစ်ကြီးဖြစ်စ ၁၉၁၅ ခုနှစ် အတွင်း တစ်နေ့သောအခါတွင် ဖျာပုံအပိုင် သမိန်ထောရွာမှ ဘုန်းကြီးပျံပွဲတော် တစ်ခုအတွက် ပေထုပ် တစ်ထုပ်လျှင် ငါးကျပ်နှုန်းဖြင့် ဦးပြုံးချိုက လက်ခံလိုက်လေသည်။ ထိုစဉ်ကဆိုလျှင် ပေထုပ်ပြုလုပ်ရာ၌ အသုံးပြုရသည့် "ပိုတက်" ဆေးမှုန့်ကို အစိုးရက လိုင်စင်ထုတ်ပေးထားသူများသာ ဝယ်နိုင်သည်။ သို့ရာတွင် ဆေးဆရာ အလုပ်ကိုလည်း တစ်ဖက်တစ်လမ်းအားဖြင့် လုပ်ကိုင်ကုသပေးနေသော ဦးပြုံးချိုအဖို့ ပိုတက်ဆေးမှုန့်ဝယ်ရန် မခဲယဉ်း။ ထို့ကြောင့် ပေထုပ်လုပ်ရန်အတွက် ယမ်း၊ ဆေးဒန်း၊ ကန့်၊ ပိုတက်စသော ဆေးမှုန့်များကို ကျောက်ပျဉ်တွင် တစ်ပုံစီတင်ထားခိုက် နီးကြောဖြင့် မေ့လျော့၍ခြစ်မိရာ ကြီးစွာသောအသံဖြင့် ပေါက်ကွဲကာ ဦးပြုံးချို တစ်ကိုယ်လုံး မီးလောင်ခံလိုက်ရလေသည်။ ထို့ကြောင့်လည်း ဦးပြုံးချိုက မိမိ၏ အဖြစ်သနစ် အကြောင်းစုံကို ဗိုလ်ကလေးမြို့ရှိ အမိန့်တော်ရရှေ့နေ ဦးဘဦး၊ မြို့ပိုင် ဦးဘနှင့် တခြားမိတ်သင်္ဂဟများ ထံသို့ မေတ္တာစာတစ်စောင် ရေးသားပေးပို့လိုက်ပေ၏။ ထိုမေတ္တာစာ တွင်...

"...ကြောက်ချင်စရာ အတတ် အသည်းထိတ်စရာ့မကြာ၊ ငရဲနိမိတ်ပြတာ မီးအလျှံထပြီး အနီးမှန်သမျှ အပြေးလောင်၊ ကလေး နှစ်ကောင်မလည်း ပက်လက်လဲ၊ အမွေးအတောင်လည်း တက်တက်မွဲ၊ အသွေးအရောင်က ဒက်ဒယက်သရဲ၊ မျက်ခွက်မည်းလို့ ငချိုပြုံး၊ တစ်ကိုယ်လုံး အဖူးထ၊ ဘီလူးဘဝ တစ်ဖန်ပြောင်းပြီး၊ ရန်မကောင်း တွေ ဗရပွစုပြန်၊ အကုသလ် ဓမ္မ ပဋိစ္စ၊ အမှန်စိတ်ချ၍ တရားနဲ့ငြီးတုန်း၊ မယားဇနီးက ကျယ်စွာငို၊ သားသမီးက ကယ်ပါဆို၊ အနားအနီး လယ် ယာတခိုတို့က၊ ဘယ်ဟာလို သလဲလို့ ဆော့စွာမေး၊ ဩသဓာဆေးနဲ့ ချက်ချင်းသတ်၊ မျက်စဉ်းခတ်လို့ အုန်းရေပေးတော့မှ၊ နှလုံးအနေ အေးပြီး ချမ်းသာမည့်ဒုက္ခ၊ နန်းဇာတိ ရုပ်နကို အသွေးကောင်းအောင်၊

mgyoe.com

mgyoe.com



ဗိုလ်ကလေးပြောင်းကာ အထူးဘ၀ကူးဖို့၊ ဦးဘဦး သမ္မာဒေ၀၊ ထာ၀ရေမ,ဖို့ အရင်းအမြစ်၊ အရာရာတို့ကို၊ ကျွန်ုပ် မောင်ပြုံးချိုက သတင်း မေတ္တာစာ ပို့လိုက်ပါသည်"

စသည်ဖြင့် ပါရှိရာ ထိုမေတ္တာစာကို ရလျှင်ရချင်း ရင်းနှီးလှစွာသော ထိုမိတ်သင်္ဂဟအပေါင်းက ဦးပြုံးချိုရှိရာ ပတက်သဗျချောင်း မော်တော်ကြီးတစ်စင်းနှင့် သွားရောက် ခေါ်ငင်ပြီးလျှင် ငွေကုန်ကြေးကျ အထူးခံကာ ဆေးဝါးကုသပေးကြသော ဟူ၏။

ပထမ ကမ္ဘာစစ်ကြီးပြီးခါနီး အင်္ဂလိပ်သက္ကရာဇ် ၁၉၁၇ ခုနှစ်ခန့်တွင် စပါးယိုရွာမှ ဦးဘရှင်ထောင်သော ဇာတ်အဖွဲ့တွင် ဦးပြုံးချိုသည် အုပ်ချုပ်သူ ဇာတ်ဆရာကြီးအဖြစ် လိုက်ပါဦးစီးခဲ့ရသည်။

ထိုအချိန်တွင် ရန်ကုန်မြို့၌ ပညာ့အလင်းသတင်းစာမှာ အထူးထင်ပေါ်ကျော်ကြားလျက် ရှိလေသည်။ အယ်ဒီတာဌာနတွင် လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီးက ကြီးမှူးလျက် ခေတ်ကာလစာပေဘက်တွင် ဆရာပီမိုးနင်း၊ ဆရာရွှေ၊ လန်ဒန် အတ်ရုပ်ရှင်ဒါရိုက်တာ ဦးပုကြီး၊ သူရိယ ဦးပုကလေး၊ အမ်ဖိုးချိန် စသည်တို့က တာ၀န်ယူလျက် ရှိကြ၏။ တိုက်ရှင်သူဌေးဖြစ်သော ဦးတင်နှင့် သူဌေးကတော် ဒေါ်ဆင့်တို့မှာ ထိုဆရာများ၏သစ္စာ၊ သမာဓိ၊ ပညာ စသည်တို့ကြောင့် စီးပွားအလွန် တိုးတက်နေသော အချိန်အခါ ဖြစ်ပေသည်။

သူဌေးကတော် ဒေါ်ဆင့်မှာ ဘာသာရေးကို အထူးတလည်ပင် ကြည်ညိုကိုင်းရှိုင်းသူ ဖြစ်သည့်အလျောက် လယ်တီဆရာတော်ဘုရားကြီး၏သြ၀ါဒအရ လိုက်နာ၊ ကျင့်သုံးပြီးလျှင် သံစိပ်၊ ကုမ္မာရီအသင်းများ တည်ထောင်ပြုစုသောအသင်း ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပေသည်။ ထို့ကြောင့်ပင်လျှင်လည်း ပညာ့အလင်း သတင်းစာတိုက်ပေါ်တွင် နေ့စဉ်လိုလိုပင် ရဟန်းပညာတတ်၊ လူပညာတတ်များ အမြဲမပြတ် စုဝေး၊ ဆွေးနွေးလေ့ရှိကြသည်။ ။ တစ်နေ့သော် ဆရာတော်ဘုရားကြီးများ စုံညီခိုက် အဘိဓမ္မာတရား စကားသို့ ရောက်ရှိသွားလေရာ အယ်ဒီတာတစ်ဦးက ဓမ္မဂီတချိုး "တေးဘုမ္မာ" သီချင်းကို ဆို၍ပြမိသဖြင့် ဆရာတော်ဘုရားက "ဟဲ့...သီချင်း ဘယ်သူရေးတာလဲ

mgyoe.com

mgyoe.com



ဟ"ဟု မေးမြန်းတော်မူသည်။ "ကျိုက်လတ်မြို့က ဆရာဦးပြုံးချိုပါ ဘုရား"ဟု ပြန်လည်လျှောက်ထားလျှင် "ဟဲ့... ဒီလူကို ရအောင်ခေါ်ပြီး မင်းတို့ သတင်းစာတိုက်မှာ အသုံးပြုကြ၊ ဒီလိုစွယ်စုံတတ်တဲ့ လူမျိုး တစ်သောင်းမှာ တစ်ယောက် မရှိဘူးဟ"ဟု မိန့်တော်မူလေသည်။

ဤသို့အားဖြင့် ဦးပြုံးချိုမှာ ရန်ကုန်မြို့သို့ရောက်၍ ပညာ့ အလင်းသတင်းစာတိုက်တွင် အယ်ဒီတာ ဖြစ်ရလေတော့သည်။

ပညာ့အလင်းသတင်းစာတွင် "စိန္တာသက္က" ဟူသော ကလောင်အမည်ဖြင့် အထူးကျော်ကြား၏။ ထို့နောက် မြန်မာ့အလင်း သတင်းစာတိုက်သို့ ကူးပြောင်းလုပ်ကိုင်ပြန်သောအခါ၌လည်း မြန်မာ့ အလင်းသတင်းစာတိုက်တွင် "ဖိုးမင်းကျော်"၊ "အရူးတော် နေဒွန်း" စသော ကလောင်အမည်များဖြင့် အထူးလူကြိုက် များပြန်လေတော့ သည်။ ထိုစဉ်အတွင်း "အောင်ဇေယျတု"ဆေးတိုက်ရှင် ဦးဖိုးဘနှင့် အတူ ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးသွားခိုက်၊ အပြန်တွင် "ကျိုက် ထီးရိုး နတ်လမ်းညွှန်"စာအုပ်ငယ်ကို သိမှတ်စရာ အကြောင်းအရာ များအပြင် သောလုံး၊ သောကွက်များကိုပါ ဖြည့်စွက်၊ ညှပ်သွင်းရေး သားရာ ဆရာ ဦးပြုံးချိုတွင် ပို၍ပင် စာဖတ်ပရိသတ် တိုး၍လာခဲ့ သည်။

မြန်မာ့အလင်းမှ တစ်ဖန် သမဝါယမ ဝန်ထောက် ဦးငြိမ်း၏ "မောရဝတီ သတင်းစာ"တိုက်သို့ ရောက်ရှိလုပ်ကိုင်ပြန်လေသည်။ ထိုအခါ ထိုပုံနှိပ်တိုက်မှ ထုတ်ဝေသော "မြန်မာ့ရီဗျူးဂျာနယ်"ကိုလည်း အယ်ဒီတာတစ်ဦးအဖြစ် ကူညီရေးသားပေးရ၏။

ထိုမှတစ်ဖန် "ဝါဏိဇ္ဇခေါ် သတင်းစာတွင် လုပ်ကိုင်နေဆဲ ရန်ကုန်မြို့ အရှေ့ ပိုင်း ၅၁ လမ်းတွင် ဖွင့်လှစ်ထားသော အမျိုးသား တိုက်ပိုင်ရှင် "နေရှင်နယ်" ဦးမြင့်၏ တိုက်တွန်းချက်အရ "မဟာဂီတ ပုံနှိပ်ပေါင်းချုပ်ကြီး"ကို ပြုစုစီရင်၍ ပထမဦးဆုံးအကြိမ် ထိုပုံနှိပ်တိုက် မှာပင် အုပ်ရေ ၃,၀၀၀ စက်တင် ပုံနှိပ်ထုတ်ဝေသည်။

ဤအတောအတွင်း ရန်ကုန် ယူနီဗာစတီတက္ကသိုလ်မှ မြန်မာ ဆရာကြီး ဦးပွား၏ တိုက်တွန်းချက်အရလည်း ဒေဝကုမ္ဘန်ပြဇာတ်ကို

mgyoe.com

mgyoe.com



သွားရောက်သင်ကြား ပို့ချပေးပေသေးသည်။

ထို့နောက် သုတေသနပြုသတင်းစာတိုက်တွင် မြန်မာဘာသာဆိုင်ရာ ပညာရှိ ဦးလွန်းခေါ် "သခင်ကိုယ်တော်မှိုင်း" နုတ်ထွက်သွားသည့် နေရာ၌ ဦးပြုံးချို ဝင်ရောက်လုပ်ကိုင်ရပြန်သည်။

ထိုစဉ်က မြန်မာတစ်ပြည်လုံး ရတုပိုဒ်စုံပြိုင်ပွဲ ကျင်းပခဲ့ရာ ဦးပြုံးချိုသည် ခရိုင် ဝန်ရှင်တော်မင်းကြီးဟောင်း မစ္စတာဘားနတ် ဟောက်တန်က ချီးမြှင့်သော ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။ ထိုရတု ကို ဗန္ဓုလဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့ဖူးသည်။

သူရိယသတင်းစာတိုက်တွင် လုပ်ကိုင်နေစဉ်အတွင်း "ကစား နည်းအမျိုးမျိုးကျမ်း"နှင့် "နေဇော်လိမ်နည်းအမျိုးမျိုး"ကို ရေးသား ပြီးစီးသည်။ နောက် "မဟာဂီတတ္ထဒီပနီကျမ်း"ကို ကြိုးပမ်းပြုစုနေခိုက် သက္ကရာဇ် ၁၂၈၉ ခုနှစ် တပို့တွဲလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ ညဉ့်အချိန်၊ ဗိုလ်တထောင် ဗြဲ လမ်း အိမ်အမှတ် ၂၅ တွင် အသက်အားဖြင့် ၅၀ ခန့်အရွယ်၌ ဆရာကြီး ဦးပြုံးချို အနိစ္စရောက်ရှာလေသတည်း။

(မောင်သုတ အမည်ခံ ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ စာအုပ်မှ ယူပါသည်)

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ဦးပြုံးချိုနှင့် နတ်လမ်းညွှန်

ဆရာကြီး ဦးပြုံးချိုအား မဟာဂီတ ပညာရှင်ကြီးတစ်ဦး အနေနှင့် အများက သိကြသည်။ တေးဘုမ္မာ၊ ဇာတ်အာဏာ အစရှိသော သီချင်းကြီးများသည် သီချင်းမည် ကာမတ္တမဟုတ်။ ရုပ်နာမ်ခန္ဓာ အာယနဓာတ်၊ ပဋိစ္စ သမုပ္ပာဒ်တရားတို့၏ သဘော သဘာဝဝတ္ထုကို ဝိပဿနာဉာဏ်အမြင်ဖြင့် ရှုကြည့်၍ ရေးသားထားသည့် ဓမ္မဂီတ သီချင်းကြီးများ ဖြစ်ကြပေသည်။ နက်လည်း နက်နဲသည်၊ ခက်လည်း ခက်ခဲသည်။

ဦးပြုံးချိုသည် မဟာဂီတ ပညာရှင်ကြီးတစ်ဦးသာလျှင်မက စွယ်စုံပညာရှင် ကြီးတစ်ဦးဖြစ်ကြောင်းကို ၎င်း၏အတ္ထုပ္ပတ္တိကို ဖတ်၍ သိရပြန်သည်။ သို့ရာတွင် ဦးပြုံးချိုအား အမျိုးသားစိတ်ဓာတ်ပြင်းပြသူ မျိုးချစ်ဝံသာနု ပုဂ္ဂိုလ်ကြီးတစ်ဦးအနေနှင့်ကား သိရှိသူနည်းပါးလှပေသည်။ ဦးပြုံးချို ပြုစုခဲ့သည့်စာအုပ်များကို စာရင်းကောက်ယူသောအခါ...

(၁) မဟာဂီတပေါင်းချုပ်ကြီး (၁၉၂၅)

(၂) ကျိုက်ထီးရိုးဘုရား နတ်လမ်းညွှန် (၁၉၂၀)

mgyoe.com

mgyoe.com



(၃) နေဇလိမ်နည်းများ

ဟူ၍ သုံးအုပ်သာ တွေ့ရသည်။ သူရိယသတင်းစာတွင် ရေးခဲ့သည့် မြန်မာကစားနည်းအမျိုးမျိုး၊ ဆောင်းပါးများမှာ စာအုပ်ဖြစ်ဟန်မတူ။ ထို့အတူပင်လျှင် သတင်းစာ မဂ္ဂဇင်းတို့၌ရေးခဲ့သည့် မြန်မာမှုဆောင်းပါး အမျိုးမျိုးမှာလည်း စာအုပ်အဖြစ် စုပေါင်းရိုက်နှိပ်ခြင်း မပြုနိုင်ခဲ့။ ဂီတတ္ထဒီပနီ (မဟာဂီတအဖွင့်)ကျမ်းကြီးကို ပြုစုနေဆဲမှာပင် အနိစ္စရောက်သွားသဖြင့် ထိုကျမ်းကြီးမှာလည်း ပုံနှိပ်စာအုပ်မဖြစ်ခဲ့ချေ။

ယင်းတို့အနက်မှ ကျိုက်ထီးရိုးဘုရား နတ်လမ်းညွှန်စာအုပ်ကို ဖတ်မိသောအခါတွင် ဆရာကြီးဦးပြုံးချိုအား ဝံသာနုမျိုးချစ် ပုဂ္ဂိုလ်ကြီးတစ်ဦးအနေနှင့် သိလာရသဖြင့် များစွာဝမ်းသာမိပေသည်။ ကျိုက်ထီးရိုးဘုရား နတ်လမ်းညွှန်ကို မည်သည့် ရည်ရွယ်ချက်၊ မည်သည့်စေတနာနှင့်ရေးသနည်းဟု လေ့လာစူးစမ်းကြည့်သောအခါ အောက်ပါအချက်များကို တွေ့ရလေသည်။

(၁) မြန်မာတစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေး၊
(၂) ကျောင်းသားလူငယ်တို့ စည်းလုံးညီညွတ်ရေး၊
(၃) ဒိုင်အာခီ အုပ်ချုပ်ရေးကို ဆန့်ကျင်၍ ဟုမ်ရူးအုပ်ချုပ်ရေးကို ရရှိရေး၊
(၄) အမျိုးသားကျောင်းများ တည်ထောင်အောင်မြင်ရေး၊
(၅) ကျွန်ပညာကို ဆန့်ကျင်၍ သခင်ပညာ ထွန်းကားရေး၊

ဆိုသည့် အဓိကအချက် ငါးချက်ပေါ်တွင် မူတည်၍ ရေးသားထားကြောင်း တွေ့ရပေသည်။ ထိုခေတ်က ရပ်သေးသဘင်၊ ဇာတ်သဘင်တို့မှ အပူသည် မင်းသမီးကလေးကို နတ်မင်းက ကူညီလမ်းပြညွှန်ကြားပေးသည့်အခန်းမှာ လွန်စွာ ခေတ်စားလျက်ရှိလေသည်။ ဤတွင် ဇာတ်သဘင်၌ နတ်ပါလာပုံကို ပြန်လှန်လေ့လာကြည့်ရာတွင် အိန္ဒိယယဉ်ကျေးမှုမှ ကူးစက်လာသည့် မဟာရာမဇာတ်ကြီးတွင် ဗြဟ္မာ၊ သိကြား၊ နတ်တို့ ပါဝင်လျက်ရှိလေသည်။ ထို့နောက် မြဝတီမင်းကြီးဦးစတို့ပြုစုခဲ့သည့် အီနောင် နန်းတွင်းဇာတ်တော်ကြီး သမုဒ္ဒ

mgyoe.com

mgyoe.com



ယောသ နန်းတွင်းဇာတ်တော်ကြီးမှအစ ဇာတ်အတော်များများမှာပင် သိကြား၊ နတ်တို့ ပါဝင်မြဲဖြစ်ပေသည်။ မြန်မာတို့သည် ဗုဒ္ဓဘာသာတွင်လည်း ဗြဟ္မာ၊ သိကြား၊ နတ်များကို လက်ခံယုံကြည်ထားသောကြောင့် ဇာတ်သဘင်၌ နတ်ပါလာရသည်မှာ မဆန်းတော့ချေ။

ယင်းသို့သော အခြေခံကိုယူ၍ ဆရာကြီး ဦးပြုံးချိုသည် မိမိရေးသားတင်ပြလိုသော အမျိုးသားရေး (နိုင်ငံရေး)ကိစ္စကို နတ်လမ်းညွှန်ရေးနည်းရေးဟန်ဖြင့် သရုပ်ဖော်လိုက်ခြင်း ဖြစ်ပေသည်။ ထိုအချိန်က ဆရာကြီးဦးလွန်း (မစ္စတာမောင်မှိုင်း)က မိမိကိုယ်တိုင်တောမှီမွေ့သည့် ယောဂီရသေ့ကြီး ပုံသဏ္ဌာန်ဖန်ဆင်းကာ တပည့်မကေသာ၊ ဗေဒါ၊ ခေမာ၊ အရီးစိမ်း၊ သူတော်မောင်စသူတို့နှင့် ဆွေးနွေးဟန်အရေးအသားကို တီထွင်ရေးသားဆဲ ဖြစ်လေသည်။ ဤတွင် ဆရာကြီးဦးပြုံးချိုက ကျိုက်ထီးရိုး နတ်လမ်းညွှန်ကို လူအများ စိတ်ဝင်စားအောင် ဟန်တစ်မျိုးထွင်၍ ရေးခဲ့ခြင်း ဖြစ်ပေသည်။ ရေးဟန်မှာ ဤသို့ဖြစ်သည်။

အမိ မြန်မာပြည်တည်းဟူသော မောရာဝတီအမည်ရှိ အမျိုးသမီးသည် မိမိ၏ ခင်ပွန်းသည် ဆုံးပါးသွားသဖြင့် သားမြေးတို့နှင့်သာ နေရသည်။ သားကြီးသုံးဦးတို့ကလည်း ဘထွေးရှာရန် အနောက်နိုင်ငံ အင်္ဂလန်ကျွန်းသို့သွား၍ ဟုမ္မရူး (ကိုယ်ပိုင်အုပ်ချုပ်ရေး) ကို တောင်းဆိုနေကြသည်။ ယခုတိုင် ပြန်မရောက်သေး။ မြေးကလေးတွေကလည်း တက္ကသိုလ်ကျောင်းမှ ပညာရေးစနစ်ကို မကျေနပ်သဖြင့် သပိတ်မှောက်၍ ဗဟန်းဘုန်းကြီးကျောင်းတွင် စုဝေးနေကြကာ အမျိုးသားကျောင်းများ တည်ထောင်ရန် ကြိုးပမ်းနေကြသည်။

ဤသို့ သားအတွက်၊ မြေးအတွက် စိတ်ရတက်မအေးသဖြင့် မောရာဝတီသည် ဗဟန်းဇရပ်မှနေ၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသို့ တက်ရောက်၍ ဘုရားဖူးသည်။ ထိုအခါ လူ့လောကကြီးကို စောင့်ရှောက်နေရသည့် လောကပါလ နတ်မင်းကြီး၏ စေတမန်နတ်သားသည် လူတို့ပြည်ကို ရှုကြည့်ရာ မောရာဝတီကိုမြင်၍ ကူညီရန်အတွက် ကိုယ်ထင်ပြ၍ လာသည်။ မောရာဝတီကမေးလျှင် အကျိုး

mgyoe.com

mgyoe.com



အကြောင်း စကားပြောကြသည်။ ဤတွင် နိုင်ငံရေးစကားများကို ထည့်ထားသည်။ မောရာဝတီက ကျိုက်ထီးရိုးဘုရားသို့ မရောက်ဖူးသေး၍ ဖူးမြင်လိုကြောင်းပြောလျှင် ကင်မွန်းစခန်း ဘိုးဘိုးကြီးအားခေါ်၍ မိန်းကလေးအား ကျိုက်ထီးရိုးဘုရားသို့ ပို့ဆောင် ပေးရန် အပ်နှံကာ စေတမန်နတ်သား ကွယ်လေသည်။

ကင်မွန်းစခန်း ဘိုးဘိုးကြီးသည် မောရာဝတီကိုခေါ်၍ ကျိုက်ထီးရိုးဘုရားသို့ ပို့ပေးလေသည်။ လမ်းတွင် ဘိုးဘိုးကြီးနှင့် မောရာဝတီတို့ အချီအချပြောကြသည့် စကားများတွင် နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ အမျိုးသားရေးကိစ္စများကိုသာ အဓိကထား၍ ပြောသွားသည်။ နောက်ဆုံး ကျိုက်ထီးရိုးဘုရားကို ရောက်၍ မောရာဝတီ ဘုရားဖူးခန်းတွင် ဘိုးဘိုးနတ်ကွယ်လေသည်။ ဆရာကြီး ဦးပြုံးချိုကိုယ်တိုင်က ဤစာအုပ်ကို ရေးရသည့်ရည်ရွယ်ချက်ကို စာအုပ်အစ၌ အောက်ပါ သံပေါက်ကဗျာများဖြင့် ဖော်ပြထားလေသည်။

(၁) သရဏဂုံ၊ မြတ်သုံးစုံ၊ ကြည်ယုံဝန္ဒနာ။
(၂) မာတာပီတ၊ အာစရ၊ ဦးချရိုသေစွာ။
(၃) မြန်မာမျိုးသား၊ အကျိုးများ၊ တိုးပွားကြီးမြင့်ရာ။
(၄) ဘာသာအမျိုး၊ ပညာဖြိုး၊ ပွားတိုးသာသနာ။
(၅) မိစ္ဆာမှောင်မျိုး၊ ရန်စွယ်ချိုး၊ တန်ခိုးကြီးစေပါ။
(၆) ရတနာမိုး၊ ရွာသွန်းဖြိုး၊ သီးမျိုးပဒေသာ။
(၇) အမျိုးသားကျောင်း၊ တိုးပွားကြောင်း၊ ဆုတောင်းပို့မေတ္တာ။
(၈) ဟုမ္မရူးပေး၊ ရလွယ်ရေး၊ ပြည်အေးနိုင်ငံသာ။
(၉) ဒိုင်အာခီကို၊ မတွေ့လို၊ မြွက်ဆိုဆုပတ္ထနာ။
(၁၀) ငါ့ဖို့ငါ့စား၊ လူမတရား၊ လွင့်ပါးကုန်ပျောက်ပါ။

ဤသံပေါက် ၁၀ ပုဒ်ဖြင့်ပင်လျှင် ဆရာကြီး ဦးပြုံးချို၏ ရည်ရွယ်ချက်နှင့် စေတနာကို သိနိုင်လောက်ပေပြီ။ နတ်လမ်းညွှန်ဟု ဆိုသော်လည်း ပွဲလမ်းသဘင်များ၌ သုံးရသည့် မရေမရာ နတ်လမ်းညွှန်မျိုးမဟုတ်၊ နိုင်ငံရေးသရုပ်ပြ နတ်လမ်းညွှန်ဖြစ်သဖြင့် လွန်စွာအဆင့်အတန်း မြင့်လှပေသည်။ ဇာတ်လမ်းအစ မောရာဝတီဆို

mgyoe.com

mgyoe.com



လေးချိုး ကဗျာတွင်...

ဆီးတားကာပွေ၊ ကြီးပွားမှာ မသဒ္ဓါလေ
ရှော့သလား၊ မြန်မာတစ်တွေ ဉာဏ်ညွှန့်တုံးစရာပ၊
ဘယ်သူ မကြည်သာပါစေ ယူနီဗာနှင့် ဖုံးတော့
မတဲ့၊ မကြည်နှလုံး အဟုတ်အဆိုးကြောင့် မှိုင်
ပျော့ရှာတဲ့ အားရယ်နဲ့၊ မသီရန်းလို့ နုပ်ခဲ့ကြတဲ့
နောက် စိုးနှောက်၍ မနိုင်လျှော့ပါလျှင် မှားကြပါ
လိမ့် (မြေးလိမ္မာတို့ရယ်) အညီဆုံးသာ လုပ်လိုက်
ကြပေတော့ အမျိုးစောင့်တဲ့ ဘွိုင်ကော့တာအများ။

ဟု ရေးထားသည်။ အမျိုးသားရေးအတွက် အညီညွတ်ဆုံးသာ ကြိုးစား၍ လုပ်လိုက်ကြပါတော့ သပိတ်မှောက် ကျောင်းတော်သားတို့ (ဘွိုင်ကော့တာ) ဟု ရည်ညွှန်းထားသည်။ ဤကာလကား မြန်မာ ၁၂၈၂ ခုနှစ် ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်ဖြစ်၍ ဝိုင်–အမ်–ဘီ–အေခေါ် ဝံသာနုအသင်းချုပ်မှ ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်(ဖေ၊ ပု၊ ရှိန်) တို့က အင်္ဂလန်ကျွန်းသို့သွား၍ ဟုမ္မရူးတောင်းနေကြသည်။ တက္ကသိုလ်ကျောင်းသားများက သပိတ်မှောက်နေကြသည်။ ဤနိုင်ငံရေး အခြင်းအရာများကို ထင်ဟပ်၍ ရေးခြင်းဖြစ်ပေသည်။ ဤစာရေးချိန်တွင် ဦးပြုံးချို၏ အသက်မှာ ၄၂ နှစ်မျှ ရှိပေပြီ။ မြန်မာ့အလင်းသတင်းစာတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်နေချိန် ဖြစ်သည်။

ဘိုးဘိုးကြီးနှင့် မောရာဝတီတို့ ဘုရားဖူးအသွား လမ်းတွင် အပျင်းပြေသီချင်း ဆိုရာမှာပင်...

မောရာဝတီဆို အမျိုးသားကျောင်းကြီး
ပြီးမြောက် အောင်မြင်ကြလျှင် မြန်မာတို့ အကျိုး
များပုံကို ဖွဲ့ဆိုသော မြန်သပြေညာ အသွားအတော
သွတ်သွင်းလျက်ဆိုသော ကာလတီးလုံး...

ဟု ဆို၍ ပြည်မြန်မာနိုင်ငံ...အစချီကာ ရေးထားသည်။ တစ်ဖန် မောရဝတီကပင် ဆက်၍ သီချင်းတစ်ပုဒ်ဆိုပြန်ရာ...

mgyoe.com

mgyoe.com



မောရာဝတီဆို ဟုမ္မရှုးရရန် ပေါ်လစ်တီ
ယိုးဒယား ခါနွေ ဆန်းအလိုက်...

ဟု ဆို၍ မြန်ရွှေပြည် လူအပေါင်းရယ်...အစချီကာ ရေးထားသည်။ ထိုမှ သာမက မောရာဝတီဆို ကျိုက်ထီးရိုးဘုရားကို ဖူးမြော်သည့် ထူးမခြားနားအလိုက် သီချင်းတွင် လည်းကောင်း၊ မြန်ခန်းငယ်မှ ဇေယျာ...အစချီ မြန်မာ့ အလင်းသတင်းစာ၏ ထောပနာအဲချင်းတွင် လည်းကောင်း၊ အမျိုးသားရေး ကိစ္စ၊ ဝံသာနုအကျိုးတရားများကို ထည့်သွင်းရေးသားထားပေသည်။ နိုင်ငံရေးနှင့် ကင်းသောနေရာဟူ၍ နည်းပါး လှသည်။

ဤမှုသာမကသေး၊ မောရာဝတီနှင့် ဘိုးဘိုးကြီးနတ်တို့ အပြန်အလှန် စကား စပ်မိစပ်ရာ ပြောဆိုကြရာတွင် သိသင့်သိထိုက်သော ဗဟုသုတစကားများကို ကျမ်းဂန်မှ ထုတ်နုတ်ရှင်းပြထားသည်။ ဥပမာအားဖြင့်ဆိုသော် အလှူခံပုဂ္ဂိုလ်၏ သီလ၊ သမာဓိ စင်ကြယ်မှ အကျိုးပေးထူးမြတ်ပုံ၊ သာသနာ့တွင်း၊ သာသနာပ၊ ဒါန၏အကျိုးပေး ကွာခြားပုံကို အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့၏အကြောင်းကို ကိုးကားတင် ပြထားသည်။

ကျမ်းဂန်လာ ဗဟုသုတ စကားများအပြင် လောလောဆယ် ဖြစ်ပျက်နေသည့် ယူနီဗာစတီ အက်ဥပဒေအကြောင်းကိုလည်း အသေးစိတ် ရှင်းပြထားသည်။ ဘိုးဘိုးကြီး နတ်ရွတ်သည့် ကာလကြီး ငှီကာပတ်ညွန်းတွင် လက်ရှိခေတ်နှင့် လက်ရှိ အုပ်ချုပ်ရေးစနစ်ကြောင့် တိုင်းပြည်တွင် အစစအဆင်မပြေဖြစ်နေပုံ အကြောင်းများကို သရော်စာ အဖြစ် ရေးပြသွားသည်။

လောကတစ်ခွင်မှာ တရားပျက်ကြဖို့၊
ကောသလဘုရင် ရာဇာဘုရားလက်ထက်က၊
အမှားမက်တဲ့ ဒုသုပိန်ကြောင့်၊ ခုဇုဝမ္ဗိ မကြံအများ
လွဲချင်တော့၊ ပုထုအရှိ ဇန်တွေ အလကား သရဲ
လိုက်ကြတာ၊ ဘုရားပွဲမှာ ဖဲဒိုင်ခံရဲ့၊ ငရဲနိုင်ငံမှာ
ခေါင်းတုံးမပြီး မရှုပ်ဘဲ နေပါ့မလား၊ ဘုန်းကြီး

mgyoe.com

mgyoe.com



လုပ်ပြီး ရှုံ့ပွဲကြည့်ရဲ့၊ ဂုဏ်အကဲမရှိဖို့ အသရမ်း
မောင်မောင်တို့ကလည်း၊ ရဟန်းယောင်ဆောင်ပြီး
ဘိန်းဖိုးစုရဲ့၊ မုဒိမ်းသူခိုးအမှု တစ်မျိုးမထဘဲ နေပါ့
မလား၊ အစိုးရကိုယ်တိုင်က ဘိန်းဆိုင်တည်နေတာ
ကို:...

ဤတွင် အစိုးရသည် မင်းကျင့်တရားနှင့် မညီကြောင်းကို ထောက်ပြလိုက်သည်။ မောရာဝတီနှင့် စေတမန်နတ်သားတို့ စကား ပြောခန်းတွင်လည်း မင်းတို့ကျင့်ရာသော သင်္ဂဟတရားလေးပါးရှိသည် ကို ဩက္ကာကရာဇ်မင်းကြီးအား ပုဏ္ဏားတို့က မိမိတို့လိုရာသို့ ဆွဲ၍ အလွဲညွှန်ပြသည့်အတွက် မင်းကြီး အယူမှားပြီး ယဇ်ကြီးငါးပါးကို ပူဇော်ခဲ့ပုံ၊ သတ္တဝါတို့၏အသက်ကိုသတ်၍ စားပုံတို့ကို အကျယ်ချဲ့ ဖော်ပြထားသည်။ ထို့ပြင်...

အဓမ္မလူတွေကရော မသမာဘူး အရေး
အကျင့်တွေ ဟာ၊ ရာထူးကလေးမြင့်ပလားဆို၊
သူ့သမီးပျို ဖျက်တတ်ကဲ့၊ ယခု အပြီးကို ခက်နေ
ကြတာက၊ မြန်နဂရ **တစ်လွှားမှာ၊ မှန်ပါ့ဘုရား**
**တွေဟာ တံဆိပ်ရရဲ့**၊ အနိဋ္ဌမို့ သဒ္ဒါပွားနိုင်ပါ့
မလား၊ ထိပ်ချတဲ့ သတ္တဝါ ငါးတို့ကို တဆိတ်ကမှ
မလှတဲ့ တံငါကုလားဟု၊ ဒါနယားဆိုတာတောင်
မြို့ဝန်ဖြစ်သတဲ့။

ထိုအခါက သေိုင်းချောင်းမြို့နယ်မှ ဒါနယားကြီးဆိုသော ကုလားအား သမာဓိမြို့ဝန် ခန့်လိုက်သောကိစ္စနှင့်ပတ်သက်၍ အတော် ပင် လှုပ်လှုပ်ရွရွဖြစ်ခဲ့ဖူးသည်။ ဆရာကြီး ဦးပြုံးချိုသည် အင်္ဂလိပ် အစိုးရ၏ အချိုးအချိုတ်မကျပုံကို အချက်ကျကျ ရေးသားဖော်ပြလိုက် သည်။ အင်္ဂလိပ်ကျောင်းမှ အင်္ဂလိပ်စာသင်ပြီး အင်္ဂလိပ် ကျွန် အမှု တော်ထမ်းတွေဖြစ်သူဖြစ်၊ မဖြစ်သူတွေကျတော့ အဖွဲ့အစည်းတွေထဲဝင် ပြီး မြန်မာ မြန်မာချင်းအပေါ်မှာ လူလည်လုပ်ပုံကိုလည်း မောရာဝတီ နှင့် ဘိုးဘိုးနတ်တို့ ပြောကြသည့် စကားတွင်...

mgyoe.com

mgyoe.com



အင်္ဂလိပ်စာမှာ ဘီ–အေ၊ အမ်–အေ
ရောက်အောင် သင်လျှင် မြို့အုပ်၊ ဝန်ထောက်
စသည် ဖြစ်ကရောလို့ သင်ကြတာပဲ။ ဘယ်လို
စိတ်ကမှန်းပြီး အားခဲသင်လို့ ဘီ–အေ၊ အမ်–အေ
ရောက်ပေတဲ့။ ရောက်သမျှလူတိုင်း မြို့အုပ်လုပ်
ချင်ပေတဲ့ လူတိုင်း မအုပ်ရဘူး။ ဝန်ထောက်လုပ်
ချင်ပေတဲ့ လူတိုင်းလည်း မထောက်ရဘူး။ ဒါနဲ့
ကိုယ့်အမျိုးသားအပေါ်မှာ ပါဝါကလည်း ထုတ်
ချင်တော့၊ ကြံမိကြံရာ လစာမရတဲ့ ကော်မတီတို့၊
သမာဓိမြို့ဝန်တို့၊ မင်းတိုင်ပင်တို့ဆိုတဲ့ အလုပ်
တွေရအောင် မှန်ပေါ့ဘုရားတွေနဲ့ညာပြီး စာသုံးလုံး
တံဆိပ်တို့ကိုယူ အမျိုးသားတွေအပေါ်မှာ မညာ
မတာ လုပ်၊ အဲဒါတွေဟာ အင်္ဂလိပ်စာ ဘီ–အေ၊
အမ်–အေတို့ သင်တဲ့ ကျေးဇူးပေါ့ ရှင့်...

ဟု ရေးသားထားသည်။ ဆရာကြီး ဦးပြုံးချိုသည် ထိုခေတ်က အင်္ဂလိပ်စာတတ်ပြီး အချိုးအချိတ် မကျသူတွေကို တွေ့ခဲ့ဖူးဟန်တူသည်။ ဤသို့နတ်လမ်းညွှန် ရေးနည်းဟန်ဖြင့် အမျိုးသားရေးကိစ္စ၊ ဝံသာနုတရားများကို ဖော်ပြရေးသားရာတွင် လက်ာစကားပြေနှစ်ထွေ ရောစပ်၍ ရေးရသောကြောင့် လွယ်သည်ဟု မဆိုနိုင်ပေ။ မလွယ်သည့် အထဲမှာပင် ရယ်စရာ ဟာသခန်းကလေးများကို တစ်ခါတစ်ခါ ရောညှပ်၍ ရေးထားသဖြင့် ဖတ်ရင်းဖတ်ရင်း မငြီးငွေ့ဘဲ စိတ်ဝင်စားစရာ၊ မှတ်သားစရာ စာပဒေသာကြီးတစ်ခု ဖြစ်လာလေသည်။ ဤစာဖြင့် ဆရာကြီးဦးပြုံးချိုအား အမျိုးသား စိတ်ဓာတ်ပြင်းပြသူ ဝံသာနုကြီးတစ်ဦးအနေနှင့် သက်သေထူရန် လုံလောက်ပြီ ထင်ပါသည်။ ပိုမိုခိုင်လုံအောင် ထပ်မံတင်ပြလိုပါသေးသည်။ ပဲခူးမြို့အနီးရှိ သဲဖြူချောင်းတွင် မြန်မာ့အသင်းချုပ်ကြီး (ဂျီ–စီ–ဘီ–အေ)၏ ၁၄ ကြိမ်မြောက် ညီလာခံကြီးကို ကျင်းပစဉ်က ဆရာကြီး ဦးပြုံးချိုသည် အဆိုပါညီလာခံကြီး၌ သီကျူးရန် စည်တော်သံသီချင်း ၁၈ ပုဒ်ကို

mgyoe.com

mgyoe.com



ရေးသွားသည်။ ဤသီချင်းများသည် ဆရာကြီး၏ နောက်ဆုံးလက်ရာများပင် ဖြစ်ပေလိမ့်မည်။ ဤစာရေးပြီးနောက် ရှစ်လအကြာ ၁၉၂၇ ခုနှစ် ဆရာကြီး ဦးပြုံးချို အသက် ၄၉ နှစ်မှာပင် အနိစ္စရောက်ခဲ့ရသည်။ များစွာနှမြောတသဖွယ် ရှိလှပေတော့သည်။ မဂ္ဂဇင်း၊ သတင်းစာများတွင် ဆရာကြီးရေးသားခဲ့သည့် အထွေထွေဆောင်းပါးများကို သုတေသီများက ရှာဖွေစုစည်းထုတ်ဝေကြမည်ဆိုပါက လွန်စွာပင် အကျိုးများပေလိမ့်မည်။ ဆရာကြီး ကွယ်လွန်သည်မှာ နှစ် ၅၀ ပြည့်ပြီဖြစ်သော်လည်း ဆရာကြီး၏တေးဂီတအသံတို့ကား လေလှိုင်းသံများအကြားတွင် လွင့်ပျံမြူးကြွနေဆဲပင် ဖြစ်သတည်း။

(နန်းညွန့်ဆွေ)

❒


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဆရာကြီး ဦးပြုံးချို၏
# ကျိုက်ထီးရိုး နတ်လမ်းညွှန်



mgyoe.com

mgyoe.com

# နိဒါန်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ဘုရား အစရှိသော ရတနာသုံးပါးနှင့်တကွ မိဘ၊ ဆရာ။**
**အနန္တငါးဖြာကို ရိုသေစွာ ရှိခိုးဦးချ၍...**

ယခု ရေးသားအပ်သော ကျိုက်ထီးရိုး နတ်လမ်းညွှန်စာအုပ်သည် အများသော ယခုကာလရေးသားကြသည့် ဝတ္ထုခေါ် စာအုပ်များကဲ့သို့ အနှစ်သာရကင်းသော စာအုပ်မျိုးမဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ယခုကာလ ရေးသားကြသော ဝတ္ထုစာအုပ်များသည် ဝတ္ထုဟူသော အမည်ကိုသာတင်လျက် ဘယ်ရာဇဝင်၊ ဘယ်မဟာဝင်၊ ဘယ်နိပါတ်၊ ဘယ်ဇာတ်၊ ဘယ်ဖြတ်ထုံးက လာသည်ဟု မဆိုနိုင်သော ယခုကာလ အမည်များဖြင့် နောက်သား နောက်သမီးတို့စိတ်ကို ပွံ့လွင့်သည်ထက် ပွံ့လွင့်သည်ကို သတိပေးသည်နှင့် တူလှချေ၏။ အဘယ်ကြောင့် ပွံ့လွင့်ခြင်းကို သတိပေးသည်နှင့်တူပါသနည်းဟူမူ လူတို့သည် မွေးဖွားသည်မှ ၁၀ နှစ်သို့ကျအောင် မိုက်သေးသော အရွယ်ဖြစ်၍ (မန္ဒာဒသက) ဟု ဆိုရသည်။ ထိုကြောင့် အဘိဓာန်တွင် ၎င်းအရွယ်ကို (ဗာလိသ)ဟု မိန့်သည်။ ထို ၁၀ နှစ်ကစ၍ အသက် ၂၀ အထိ မိုက်စိတ်နှင့် လိမ္မာစိတ်တို့သည် တွဲဖက်ရုံးစိုက်သကဲ့သို့ ရောနှောလျက် လူမိုက်နှင့် ပေါင်းက လူမိုက်ဘက်ကို လျင်မြန်စွာ ပါတတ်၏။ လူလိမ္မာနှင့်ပေါင်းလျှင် လိမ္မာဘက်ကို တော်ရုံသာ ပါတတ်၏။ ထိုကဲ့သို့ မတည်ကြည်သေးသောအရွယ်ဖြစ်၍ (ခိဍ္ဍာဒသက) ပျော်ရွှင်မြူးထူးခြင်း

mgyoe.com

mgyoe.com

အားကြီးသောအရွယ်ဟု ဆိုအပ်၏။ ထို့ကြောင့် ရှေးအခါက လောကပညာတို့တွင် လွန်စွာအခက်ဆုံးဖြစ်သော ဗေဒင်ပညာကို သင်ကြားတတ်မြောက်သော တပည့်သူငယ်များအား အသက် ၂၀ က မကျော်ခင် တစ်ပါးသူ၏ဇာတာကို ဖွဲ့၍မပေးရန် ဆရာများက ဆုံးမတားမြစ်တော်မူကြ၏။ ထိုကဲ့သို့ ဇာတာဖွဲ့သော ဆရာကို၊ ဉာဏ်မရင့်သေး၍၊ အသက် ၂၀ မကျော်ခင် ဇာတာမဖွဲ့ရဟု တားမြစ်သည့်စကားကို ယခုကာလ အမှတ်လွဲသောသူတို့က ဇာတာအဖွဲ့ခံရမည့် ဇာတာရှင်ကလေးတွေကို အသက် ၂၀ မကျော်ခင် ဇာတာမဖွဲ့ရဟု ပြောလေ့ရှိကြသည်... မှားလေစွ။ အဖွဲ့ခံရသော ဇာတာရှင်မှာ မွေးမွေးချင်း ဖွဲ့သော်လည်း သာ၍မှန်ရာ၏။ ဤကား လောကီပညာအတွက် အသက် ၂၀ မကျော်ခင် ဉာဏ်မရင့်သေးကြောင်းကို ပြဆိုသည့် သက်သေစကားပေတည်း။

လောကုတ္တရာမှာလည်း အလွန်တရာ ခဲခက်စွာသော သာသနာ့ဝန်ထမ်း ရဟန်း၏အဖြစ်ကို အသက် ၂၀ က မကျော်လွန်မီ ပဉ္စင်းမခံရဟု မြတ်စွာဘုရား ပညတ်တော်မူခြင်းကား ထို (ခိင္ဒသက) အရွယ်မကျော်လွန်မီ ပုဂ္ဂိုလ်များ၊ မြတ်စွာဘုရား၏ပညတ်တော်မူသော များစွာသော ရဟန်းကျင့်ဝတ် သိက္ခာပုဒ်တော်များကို စိတ်တည်ကြည်ခြင်းကို မရသေးသောအရွယ်ဖြစ်၍၊ မကျင့်ဆောင်နိုင်ရာဟု မြင်တော်မူသဖြင့်၊ အသက် ၂၀ မပြည့်မီအတွင်း ပဉ္စင်းမခံထိုက်ဟု မြတ်စွာဘုရား ပညတ်တော်မူသည်ဟု ယူထိုက်၏။

ထိုကြောင့် (ခိင္ဒသက) အရွယ်၊ အသက် ၂၀ က မကျော်လွန်သေးသော သားသမီးတို့ကို မိဘတို့သည် အထူးသဖြင့် မကောင်းသော အမူအကျင့်၊ မကောင်းသော နည်းလမ်းများကို မလိုက်စားရန် ကျပ်တည်းစွာ စောင့်ရှောက်ဆုံးမတားမြစ်ရာ၏။ ထိုကဲ့သို့ အရေးကြီးစွာ စောင့်ရှောက်အပ်သော နုနယ်ပျိုမျစ်သော ကာလသား၊ ကာလသမီးကလေးများသည် အလိမ္မာ ပညာတိုးလျက်၊ အတုခိုးစရာကောင်းသော စာပေကျမ်းဂန်စသည်တို့ကိုသာ ဖတ်စေရာသော အကြောင်းရှိလျက်၊ ယခုကာလ ရေးသားကြသော ဝတ္ထုခေါ် စာအုပ်သည် မည်သူ၏သားနှင့် မည်သူ၏ သမီး... ချစ်ကြိုက်ကြ၍ စာပေးစာယူပြုကြပုံ၊ အောင်သွယ်လွှတ်ပုံ၊ လူပျိုစကားပြောပုံ၊ ပညာသင်ကြားကျောင်းမှာထားခိုက် ရည်းစား၏စိတ်ကြောင့် ပညာသင်ပျက်ပုံ၊ မည်သူကို မည်သူက ရည်းစားအတွက် သတ်ဖြတ်လိုက်ပုံ၊ ဤလို မဟုတ်မဟတ် ယခုကာလသူငယ် သူငယ်မကလေးများ၏စိတ်ကို၊ အတုလိုက်စရာ ညွှန်ပြသော စကားတွေကို ရေးသားကြသည်ဖြစ်၍၊ ယခုကာလဝတ္ထုခေါ် စာအုပ်များကို၊ သားယောကျ်ား၊ သမီးမိန်းမ... သူငယ်
mgyoe.com

mgyoe.com


တွေအား ဝယ်ယူဖတ်ရှုခြင်း အလျှင်းမပြုလုပ်ရန် မိဘတို့က ကျပ်တည်းစွာ ဆုံးမတားမြစ်ထိုက်၏။ အဘယ့်ကြောင့် ဤမျှပုတ်ခတ် ပယ်ရှား၍ ရေးသားပါသနည်းဆိုလျှင် ယခုကာလ ဆုတ်ကပ်တွင် လူကလေး၊ လူငယ်များသည် ရာဂစရိုက် ထူပြောသော အခါဖြစ်၍ နဂိုကမှ ပျံ့လွင့်တတ်သော အရွယ်ဖြစ်၍ နေသည့်အပေါ်မှာ ရူးချင်သောသူကို ပဒိုင်းသီးကို ကျွေးသကဲ့သို့ ဝမ်းသွားနေသူကို ကနခို ပွေးကိုင်းဆေးကို ကျွေးသကဲ့သို့သာ၍ပင် အရွယ်မရောက်ခင်က အိမ်ထောင်မှု သားမွေးမှုကို အာရုံညွှတ်လျက် ပညာသင်ခွင့် စိတ်ကိုဆို့ပိတ် အားလျော့စေသကဲ့သို့ ရှိရာ၏။ ထိုကဲ့သို့ ပညာနှင့် မပြည့်စုံပါကလည်း ဤမြန်မာနိုင်ငံကြီးသည် ကြီးပွားတိုးတက်ဖို့ လွန်စွာခဲယဉ်းလှချေ၏။

ထို့ကြောင့် ယခုကာလ ဝတ္ထုစာအုပ် ရေးသားလျက် ရောင်းချကြသောသူများသည် နောက်ပေါက်ကလေးတွေကို ငယ်ငယ်ရွယ်ရွယ်က သမီးရည်းစားထားနည်း၊ လူပျိုစကားပြောနည်း၊ အောင်သွယ်လုပ်နည်းစသည်တို့ကို သင်ပေးသော ရာဂဉပဒေ လမ်းညွှန်ဆရာကြီးတို့ပေတည်း။ ဇေ့ဇေ့နှလုံးသွင်းအပ်၏။ မိမိ၏အလိုသို့ မရောက်၊ လျင်စွာ စိတ်မဆိုးအပ်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံကြီးသည် နှုတ်မှုပညာ၊ လက်မှုပညာကို ကောင်းစွာ တတ်စွမ်းသူ နည်းပါးကြပါသဖြင့် ဤမျှလောက်အောက်ကျနောက်ကျဖြစ်လျက် နေကြရသည်မှာ မျက်မြင်ဖြစ်ကြလေသည်။ သေးငယ်သော နိုင်ငံဖြစ်လျက် ပညာနှင့်ပြည့်စုံ၍ ကြီးပွားလျက်နေသော (ဂျပန်) နိုင်ငံကိုကြည့်။

ထို့ကြောင့် (မန္ဒသက)၊ (ခိဋ္ဌသက) အရွယ်သည် ပညာကို လွန်စွာနှလုံးသွင်းထိုက်သောအရွယ်ဖြစ်၍ ပညာသင်ကြားရေး ဗဟုသုတနှင့် ပြည့်စုံရန် အရေးကိုသာ အားပေးသင့်သည် မှန်ရကား ဤကဲ့သို့ အိမ်ရာထောင်ရေး နည်းပေးလမ်းပြကာမ ဘောဂီစကားများကို အားပေးသကဲ့သို့သော ဤကာလဝတ္ထု စာအုပ်များကို ပယ်ရှားပျောက်ပျက်ခြင်း မရှိသေးသရွေ့ ကာလပတ်လုံး၊ မြန်မာနိုင်ငံမှာ ပညာတက်ကထက်ထက်သန်သန် ရှိလိမ့်မည်မဟုတ်ကြောင်း၊ သို့တည်းမဟုတ်၊ ဝတ္ထုပင်ဖြစ်သော်လည်း လူမှုလူရာကို ညွှန်ပြသောနည်းများ ကုန်သည်ဘဝ ရောင်းရေးဝယ်မှု၊ ပွဲစားကြီး ကုန်သည်ကြီးတို့နှင့် ပေါင်းသင်းဆက်ဆံ၍ နီးနှောတိုင်ပင်ပုံ၊ မည်သည့်ပညာကို သင်ကြားတတ်မြောက်၍၊ လုပ်ကိုင်ဆောင်ရွက်၍ ကြီးပွားကြပုံ စသည်တို့ကို ရေးသားပါက အပြစ်ဆိုဖွယ်မရှိပေ။

ယခု ရေးသားအပ်သောစာအုပ်မှာ မြန်မာနိုင်ငံ၏ ကြီးပွားရေးကို ဘုရားဖူး

mgyoe.com

mgyoe.com


၍ပင် ဆုတောင်းရသည်။ ငါတို့လည်း တိုင်းပြည်ကြီးပွားရေးကို တိုးတက်ကြံစည် အပ်လှပေသည်ဟု နည်းယူရန်လည်း တစ်ကြောင်း၊ ရတနာသုံးပါးကို အာရုံထား၍ ကုသိုလ်တရား တိုးပွားစေရန်လည်း တစ်ကြောင်း၊ ကလေးသူငယ်များ စိတ်ရွှင်လျက် ဖတ်ချင်စရာ ရယ်ရွှင်ဖွယ်စကားများကိုလည်း အနည်းငယ် သွတ်သွင်းလျက် ရေးသား ပါရှိစေပါသည်။ ဖတ်ရှုမိက သိလိမ့်မည်ဖြစ်ကြောင်း ကောင်းစွာဖော်ပြလိုက်သည် ဟူလို။

**အမှာ**

(ငှင်းကျိုက်ထီးရိုး နတ်လမ်းညွှန်စာအုပ်သည် လန်ဒန်သွား ကိုယ်စားလှယ် ကြီးတို့ ပြန်မလာမီက ရေး၍ပြီးသောကြောင့် မောရာဝတီစကားမှာ တစ်နိုင်ငံသို့ သွားသော သားကြီးများအတွက်ဟု လွန်ပြီးသော စကားများ ပါနေပါသည်)

**အမိမြန်မာပြည် မောရာဝတီ၏ အာသီသ သံပေါက်**

၁။ သရဏဂုံ၊ မြတ်သုံးစုံ၊ ကြည်ယုံဝန္ဒနာ။
၂။ မာတာပိတာ၊ အာစရိ၊ ဦးချရိုသေစွာ။
၃။ မြန်မာ–အမျိုးသား၊ အကျိုးများ၊ တိုးပွားကြီးမြင့်ရာ။
၄။ ဘာသာ–အမျိုး၊ ပညာဖြိုး၊ ပွားတိုးသာသနာ။
၅။ မိစ္ဆာမှောင်မျိုး၊ ရန်စွယ်ချိုး၊ တန်ခိုးကြီးစေပါ။
၆။ ရတနာမိုး၊ ရွာသွန်ဖြိုး၊ သီးမျိုးပဒေသာ။
၇။ အမျိုးသားကျောင်း၊ တိုးပွားကြောင်း၊ ဆုတောင်းပို့မေတ္တာ။
၈။ ဟုမ္မရူးပေး၊ ရလွယ်ရေး၊ ပြည်အေးနိုင်ငံသာ။
၉။ ဒိုင်အာခီကို၊ မတွေ့လို၊ မြွက်ဆိုဆုပတ္ထနာ။
၁၀။ (ငါဖို့) (ငါစား)၊ လူမတရား၊ လွှင့်ပါးကုန်ပျောက်ပါ။

❒

mgyoe.com

mgyoe.com

# အမိမြန်မာပြည်ဟူသော မောရာဝတီ ဘုရားဖူးသွားမည့် ကျိုက်ထီးရိုးဘုရား နတ်လမ်းညွှန်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**
**သိဒ္ဓါဘဝန္တု။**

မြန်မာပြည်အမိဟု၊ ထောမနာချီကြသော။ မောရာဝတီ မိန်းမမြတ်သည်၊ ကိန်းမအပ်စဉ်အခါဝယ်၊ လင်မဟာ အုပ်ချုပ်အရေးကြောင့်၊ ပူဆွေးလျက်၊ မအေးဖွယ်များနေတုန်း၊ မြေးသူငယ်အများ ကျောင်းသားကလေးတို့၏ ပေါင်းအများအရေးတစ်ခန်း ထပ်ခါကြားရ၍ ဗဟန်းဇရပ်နားက အကြံယူလျက် ဉာဏ်ကူ၍ စိတ်ညစ်ပုံ။

**လေးချိုးထပ်တွန့်**

ဘမယာစံထီး၊ ပလ္လင်ပျောက်သည်က၊ မြန်မာနဂရံ–ဇနီးခင်တစ်ယောက်မှာလ၊ ဗျာပါအလျှံ၊ မီးအသွင်တောက်လိုက်ပါလို့၊ အပြီးထင်သလောက်ကယ်တဲ့ သဘောမှာမကြည်၊ အသည်းဘဝင် နောက်ညည်းမရှင်လို့ လျှောက်ရပေတဲ့၊ အမယ်မင်းခရီးအစဉ်လည်း မပေါက်နိုင်ပါတဲ့ မောရာဝတီ။

သြော်...သားသမီးတို့ကိုတဲ့၊ ပွားစီးရန် စေတနာနှင့်၊ အမေမှာပြသလို နှိုးတဲ့အပြင်၊ အဝေရာ ဘယမလာဖို့ အကျိုးရယ်နှင့်၊ ရွှေရတနာ ခနသပြာတို့ ဖြိုးစေဖို့၊ အဖေရှာသူတွေ မရပါလျှင်ဖြင့် ညှိုးလိမ့်မဟဲ့လို့၊ တိုးတက်ကြံစည်အောင်ကွယ်၊

mgyoe.com

mgyoe.com


စိုးတဲ့မနသီ။

အဝေးတစ်မြေမှာ၊ အကျိုးရှာတဲ့ သားတို့ကိုတဲ့၊ အေးစေရာ တမျိုးမျိုး သာတယ်လို့ ကြားရပါစေဟု။ မွေးအမေမှာ၊ တိုးပတ္တနာ ထားခိုက်ကိုတဲ့၊ မြေးတစ်တွေဟာ ညှိုးကာမပွားနိုင်ဖို့၊ ကလေးတွေခမျာ ကိုးကာသူတို့က မသနားကြတာကြောင့်၊ အကျိုးဟာ မများမှာ အခြေပုံမျှော်၍၊ ငွေကုန်သော် ကုန်သလောက်ကိုတဲ့၊ ဂုဏ်မမောက်ပြီ အရှည်မြင်၍ မကြည်လင်စိတ်အမှန် ပြောင်းကြလို့၊ သိပ္ပံကျောင်းကိုတဲ့ အပြီးမသီ။ တစ်နည်းညီပုက၊ တိုင်းတစ်ခွင်တစ်လွှား၊ အစည်းမပြေအောင်ရယ်လို့ နှိုင်းယှဉ်အများ၊ (ပညာဘက်ကလည်းတော်) မီးတကျည်ပါတဲ့ ပဒိုင်းပင်အလား။

ဆီးတားကာပွေ၊ ကြီးပွားမှာ မသဒ္ဓါလေရှေ့သလား၊ (ဆီးတားကာပွေ၊ ကြီးပွားမှာ မသဒ္ဓါလေရှေ့သလား) မြန်မာတစ်တွေ ဉာဏ်ညွှန့်တုံးစရာပ၊ ဘယ်သူမကြည်သာပါစေ ယူနီဘာနှင့် ဖုံးတော့မတဲ့။ မကြည်နှလုံး အဟုတ်အဆိုးကြောင့်၊ မှိုင်ပျော့ရှာတဲ့အားရယ်နှင့်၊ မသီရန်းလို့ နုတ်ခဲ့ကြတဲ့နောက် စိုးနှောင့်၍ မနိုင်လျှော့ပါလျှင် မှားကြပါလိမ့်။ မြေးလိမ်မာတို့ရယ် (မြေးလိမ္မာတို့ရယ်... မြေးလိမ္မာတို့ရယ်)၊ အမယ်မင်း... အညီဆုံးသော လုပ်ကြပေတော့၊ အမျိုးစောင့်တဲ့ ဘွိုင်ကော့တာအများ။

**စကား။** ■ သြော်...သား မြေးအတွက်၊ တရားဝေးလို့ ပျက်သွားပါကလား၊

လောကမှာ ဆက်သွယ်တဲ့သံယောဇဉ်ကြီးဟာ အလွန်တရာမှ ခိုင်တယ်၊ ဟိုတစ်နိုင်ငံ တစ်ပြည်ထွက်လို့ နေ့ရက်ရှည်လျားစွာ ငါအမေ မုဆိုးမကို၊ အုပ်စိုးရဖို့တဲ့လို့၊ နှလုံးအထူး မပြေဘဲ၊ (ဟုမ္မရှုး) အဖေရှာသွားတဲ့၊ သားကြီးများအတွက်ကိုလည်း တစ်နည်းနည်းနှင့် အကြံအောင်ခဲ့ကြပါစေလို့၊ ပန်းသပြေနှင့် ညောင်ရေလောင်းပြီး ဆုတောင်းမေတ္တာ ပို့ရတာကလည်း နေ့စဉ်ပဲ။ အင်္ဂါကိုးပါးနှင့် ပြည့်စုံတဲ့ နဝင်္ဂဥပုသ်ကို စောင့်ထိန်းပြီး၊ လေးဆူဓာတ်ပုံ တိဂုံမြတ်စွာဘုရားကြီး ခြေရင်းတပ်မှာ၊ နံနက်ကို ဆွမ်း ညရေချမ်းဖြင့် ပန်း၊ ဆီမီး၊ တံခွန်များ ကပ်လှူပူဇော်လို့၊ လိုရာဆုတောင်းပြီး နေလိုက်ပါ။ မြေးသူငယ် ကျောင်းသားကလေးတွေဟာ ယူနီဘာစိတီဥပဒေကြီး အလွန်တရာမှ ကျပ်တည်းခဲယဉ်းလှသည့်အတွက် ပညာဘက်ဆိုင်ရာ မင်းကြီးထံ တောင်းပန်လျှောက်ထားကြရာ ခွင့်မသနားလေတော့ အားပျက်၍၊ နောက်ကိုဆုတ်၊ ကုပ်ကုပ်ကလေးစခန်း မသာတဲ့အခိုက်၊ ဗဟန်းမှာ၊ စုဝေးနေထိုင်ကြရတယ်။ သည်တွင်မှုမက အထက်အောက် အမြို့မြို့ အရွာမှာ၊ ပညာသင်ကြားဖို့အတွက် အပ်နှံထားတဲ့၊ မြေးသူငယ်တွေလည်း၊ ဤဥပဒေကြီး မနှစ်သက်လွန်းလို့ ကျောင်းမတက်ဘဲ ထွက်ကြ

mgyoe.com

mgyoe.com


တယ်။ ဟို…စိန်မေရီ စသောကျောင်းက မြေးမကလေးတွေလည်း သူ့မောင်ဖွားများ အလိုအတိုင်းပဲ သဘောမကျကြလို့ ထွက်ကြပြန်တယ်လို့ ကြားရတယ်။ သြော်… ပညာမရှိလို့ အလုပ်အကိုင်မရှိပြန်လဲ။ အသက်မွေး မကောင်းနှင့်၊ အပြစ်ရှာမှာ ကြောက်ရတာကတစ်မျိုး။ ပညာတတ်မြောက်အောင် သင်ကြားပြန်တော့လည်း မရှုနိုင် မကယ်နိုင် ကျပ်အောင် စီမံကြပြန်တယ်။ အင်း… ရှေ့တိုးလည်း တံပိုးနှင့်နောက်ဆုတ်လည်း လှည်းထုတ်နှင့်ဆိုတဲ့ စကားလိုပဲ။ ဒါ့ကြောင့် ကလေးတွေ ထွက်ခွာလာကြတာပဲ။ ကာလခေတ်ကြီးက ပြောင်းလဲလာတော့ ကလေးတွေတောင် အမြင်ဉာဏ်ကြီးပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိလာကြတာ၊ အားတက်စရာ ဝမ်းသာစရာပဲ။ သို့လိုကလေးတွေ လိမ္မာတာကို ချီးမွမ်းနေလို့ ကိစ္စတုံးမှာမဟုတ်။ သည်လို တာရှည်နေကြလျှင် ပညာဘက်က အကွက်မလည် ဖြစ်လိမ့်မယ်။ သူတို့ထုတ်ပြန်တဲ့ ဥပဒေ မကြိုက်လျှင် ငါ့ဘွားအေက အနေကျအောင် မကြာမီ အမျိုးသားကျောင်းကြီး ပြီးမြောက်အောင် စီမံပေးမှ တော်မှာပဲ၊ စိတ်ပူသောကရောက်ပြီး၊ အားငယ်နေလို့ တော်မှာ မဟုတ်ဘူး၊ ထို့ကြောင့် ပရိဒေဝ၊ သောကစိတ်နောက်၊ ဉာဏ်မပေါက်က၊ ကြံမြောက်နိုင်ခြင်း၊ လွန်ခဲယဉ်းလိမ့်လို့၊ ရှေးပညာရှိများ စပ်ဆိုထားခဲ့ပေတာပဲ၊ မည်သည့်အရာမျိုးကိုမဆို၊ မဖြစ်ခင်ကသာ စိုးရိမ်ရမယ်၊ ဖြစ်ပြီးတဲ့အမှု စိုးရိမ်နေလို့ တန်ခိုးတိမ်ရုံသာရှိမှာပဲ၊ ငုပ်မိလျှင် သဲတိုင်ရမယ်၊ တတ်နိုင်လျှင် အဖျားရောက်ရမယ်လို့၊ စကားအလျောက်ကျင့်ရမှာကိုး။ စည်းလုံးညီညွတ်ခြင်းဟာလည်း အားတစ်ခုပဲ။ စည်းလုံးညီညွတ်ပကောလို့လည်း မာန်မာနတက်ကြွခြင်း၊ အမျက်အာဃာတများ ဖြစ်ပွားခြင်း၊ မရှိကြရဘူး။ (ကြောက်တတ်လျှင် ဝန်ကင်း)ဆိုတဲ့ စကားလည်းရှိတယ်။ အဲသည် ကြောက်တတ်ဝန်ကင်းဆိုတဲ့စကားကလည်း အလွန်တရာမှ အဓိပ္ပာယ်နက်နဲတယ်။ သာမန်ကာ လျှံကာနှင့် တွေးလို့မပေါ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကြောက်တတ်မှ ဝန်ကင်းတယ်ဆိုတာ အဓိပ္ပာယ်ငုပ်သော၊ တိုက်ရိုက်စကား ဖြစ်တယ်။ အဓိပ္ပာယ်ပေါ်ရန် ပြောရလျှင်ဖြင့် အကြောက်တတ်မှ ဝန်ကင်းသည်လို့ အဓိပ္ပာယ်ရတယ်။ ကြောက်တယ်… ကြောက်တယ်ဆိုပေတဲ့ အကြောက်မတတ်တော့ သာ၍ဝန်လေးခြင်းဖြစ်တတ်တာမျိုး။ ။

သို့ရာတွင် ကြံရေးစည်မှုဆိုတာ ပစ္စုပ္ပန်အကျိုးဖြစ်စေ၊ သံသရာအကျိုးဖြစ်စေ၊ ရတနာသုံးပါးကို ကျပ်ကျပ်ယုံကြည်လို့၊ ကုသိုလ်ကောင်းမှုကို လုံ့လထုတ်ခြင်းဟာ အလွန်ကောင်းသော အမှုကြီးပေပဲ။ သို့သော် မြတ်စွာဘုရား အာရုံထားပြီး ဆုမွန်များ တောင်းမယ်လို့၊ စိတ်စေတနာထား၍ စကားတပြောပြောနှင့် အရှေ့ဘက် စောင်းတန်းက

mgyoe.com

mgyoe.com

တက်လာခဲ့၊ လေးဆူဓာတ်ပုံ တိဂုံဆံတော်ရှင် မြတ်စွာဘုရားကြီး ခြေရင်းတော်ရင်း ရင်ပြင်သို့ ရောက်လာခဲ့ပြီ။ သည်အရှေ့ဘက် တန်ဆောင်းအတွင်းဝင်လို့မို့ ဘုရားအာရုံ ပြုပြီး မေတ္တာကမ္မဋ္ဌာန်းများ စီးဖြန်းပွားများဦးမှ တော်တော့မယ်။

**လေပြည်။** ။ တိဂုံရှင် စေတီမြတ်ကို၊ လေပြည်ခတ်လို့ ညင်းညင်းလာတော့၊ ရတနာ မြတ်ရွှေထီးက၊ စိန်ဆည်းလည်းသံ နာခံလို့ ဘုရားအာရုံပြုဦးမယ်။

## တစ်ခန်းရပ်

ထိုနေ့သည် ၈ ရက်နေ့ ကြိမ်သဖြင့်၊ စတုမဟာရာဇ်ဘုံမှ ဝတ္တရားအတိုင်း၊ လောကပါလာမစ္စနတ်သားဆင်း။

**နတ်ဆို။** ။ ဒေသိန္နေရှု၊ နတ်ဥက္ကဋ္ဌစံတဲ့၊ မြတ်အယုဇ္ဈနဂရံ၏၊ တည်ရာပဗ္ဗတ။ အမည် နာမတ္ထ၊ ခြားနားသိလွယ်အောင်ဟာ၊ ငါးပါး ပရိယာယ်ဖြင့် အဘိဓာန် သဒ္ဒါ၊ အတိတ်သမယံအခါ၊ အာဒိပထမာ အစဆုံးက၊ ကမ္ဘာနိယာမ၊ ထက်အဇ္ဈေနဘုံ တိုင်အောင်ဟာ၊ စက္ကဝါ မဏ္ဍိုင်ဟု၊ သသံဇာ၊ ကျောက်ဓာတ်ခံတာ ခနောက်မြတ်က၊ ဣန္ဒနီလာပြောက်၊ အရှိန်ကြည်စွာ တောက်လိုက်တဲ့ အရောင်ထွက်ဟန်၊ တောင် တစ်ဝက် တစ်ဝက်အပြန်၊ သတ္တရာဘန်လည် ကာရစ်ပြီး၊ မြတ်ဒကံကြည်စွာ အစစ်အမွန် ဇလာရေ၊ နတ်ဖန်သီတာ မြစ်တို့ကလည်း ခုနစ်ဖြာခွေ၊ အလွန်သာပေတဲ့၊ မေရုရာဇိန်၊ မြေအထုပမာ ချိန်လိုက်တော့၊ လူ့ရွာအညီထိအောင်ဟာ၊ စတုရာသီတိ သဟဿနှစ်ပြန်၊ ထပ်ခါအမှန်ကိန်းလျောက်၍ ပေါင်းလိုက်တော့၊ တစ်သိန်းခြောက်သောင်းနှင့် ရှစ်ထောင် ယူဇနာ၊ အမြင့်တောင် ဘူမဟာသို့ ခွေခကာ ခြံရံ၍၊ နေ-လနှစ်ဖြာ နှစ်တန်တို့ကို၊ အောင်တတ်အခြေကြောင့်။ တောင်မြောက်ပရမေယုဂန္တရဋ္ဌ၊ ကုသလံ ဖလကာမာဝရံ ကြောင့်၊ မဟာရာဇ် ဒေဝါစတုတို့က၊ ရွှေဗျာယခု ညွှန်ကာအစေ၊ ထွေသတ္တဝါရှုရမည် ဟု ဝန်တာအခြေ၊ မနေသာ ယခုလွှန်ကာ မသွေဝံ့တော့၊ ကျွန်အရာနေတဲ့၊ အမစ္စာ နတ်သားက၊ ဓမ္မရာဇ် ဘဂဝါမြတ်ဘုရား၏သာသနံအခါမှာ၊ ဒါနံအရာ မြတ်သီလ နှင့်၊ ဘာဝနံပါ မပြတ်တည်ကြသော၊ နတ်ပြည်ဗြဟ္မာနှင့် နိဗ္ဗာန်ယူကြမည့်၊ စိတ်သန် ဖြူဖြူ သူဇာနာတသင်းတို့ကို၊ ခုမကြာဆင်း၍ မင်းဒေဝါက၊ စာရင်းရွှေစာ မှတ်လေဦးမှ လျော်ကန်တော့မကိုး။

အင်း... သွားရမည်ဆိုသော်လည်း ပြောကြားစရာအကြောင်းက သည်လို ရှိပေသေးတယ်။ ယခုကာလခါ သမယမှာ၊ ခေတ်အလိုက်မို့၊ နှစ်ခြိုက်ကြည့်ရှုကြသော

mgyoe.com

mgyoe.com


ဝတ္ထုခေါ် စာအုပ်မျိုးတွေ၊ ပုံနှိပ်လုပ်ဆောင် ရောင်းချလျက် အမျိုးသား၊ အမျိုးသမီးကလေးများ၊ နယ်နှင့်အနှံ့ပဲ၊ ဝယ်ယူဖတ်ရှုကြတယ်။ ထိုဝတ္ထုစာအုပ်များသည် များသောအားဖြင့်၊ မှတ်သားစရာ ဗဟုသုတအချက် လေးနက်သောစကားများ မပါချေ။ သမီးရည်းစားစကားပြောပုံ၊ အောင်တမန်ခေါ်သော အောင်သွယ်ထား ကြပုံ၊ သမီးရည်းစားအတွက် ပူပင်သောကရောက်ကြပုံ စသည်ဖြင့်၊ စိတ်ကူးထင်ရာကို ရေးသားညွှန်ပြကြကုန်၏။ ထိုမှတစ်ပါး ကဗျာလင်္ကာအရာမှာ ကာရန်ဝါကျ အစစသော အရာများ၊ အတုခိုးစရာ ထူးဆန်းစွာမရှိ၊ ရွာသူရွာသား အရပ်သားများ နှုတ်ခွန်းဆက်၍ တုံ့ပြန်ပြောကြားကြတဲ့ စကားမျိုးတွေသာ၊ စာတစ်အုပ်လုံးလိုလိုပင် ပါကြကုန်၏။ တချို့ဉာဏ်အတော်နက်သော ဆရာတို့ ရေးသားတဲ့ ဝတ္ထုများမှာဖြင့် မှတ်သားဖွယ် ဥပဒေသနည်းပြအရာကလေးများ ပါကြပါ၏။ သို့ရာတွင် ပညာဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ကနည်းပါး။ ပညာနုသောပုဂ္ဂိုလ်က များသဖြင့်၊ မှတ်သားဖွယ်စာအုပ်တို့ နည်းပါးပေလိမ့်မည်။ ယခု ရေးသားသည့် စာအုပ်မှာ အမျိုးသားများအတွက် အကျိုးများရန် စကားများ၊ ဘွိုင်းကော့တာကျောင်းသားများ၏ ရည်ရွယ်ချက်စကားများဖြင့်၊ အရပ်ရပ်မှတ်သားဖွယ်ရာများ၊ သီအပ်ဖွယ်များ၊ အလျဉ်းသင့်ရာ ပါလာတွေ့မြင်ဖတ်ရှုကြရမှာကိုး၊ အဆုံးမှာ ဘုရားဖူးသွားရန် လမ်းညွှန်ပြသောစာဖြစ်၍၊ ကုသိုလ်လည်း များကြမှာကိုး။ လင်္ကာကဗျာ အရေးအစပ်နည်းများကိုလည်း ဖတ်၍ကောင်းအောင်ပါဦးမှာကိုး။ အဲ့သည်တော့၊ ပညာရှိများ နှစ်သက်လောက်ဖွယ် စာအုပ် ဖြစ်ပေသည်အတွက်၊ အထူးဝယ်ယူသုံးစွဲရန် သင့်သဗျ၊ သို့သော် လူ့ပြည်သို့ ဆင်းရဖို့ ကိစ္စကလေးက ရှိပေသေး။ သွားဦးမှ တော်မှာပဲ။

**ပတ်ညွှန်း။** ။ရော…ပြောနေကြာတော့၊ သွားဆိုသည်လိုတဲ့၊ ဇဏ္ဍာကာလ၊ နှစ်လကွတွင်၊ စတုဒ္ဒသီ၊ ပန္နရသီ၌၊ အညီမယွင်း၊ စတုမဟာရာဇ် ဘုရင်နတ်ရာဇာတို့သည်၊ လူ့ပထဗျာခေတ်ကို၊ အစဉ်မပြတ်လာပြီး၊ သုဇာနှာအစစ်လို့ မြင်အပ်တဲ့သတ္တဝါတွေ၊ တင်မှတ်စရာ စာရင်းနှင့်၊ ဆင်းသက်မြဲ ဓမ္မတာ၊ ရှစ်ရက်နေ့နှစ်ပတ်နှစ်ပတ်တို့၌၊ နတ်အမတ် အမစ္စအပေါင်းတို့က၊ မလစ်ရအကြောင်း၊ စာရင်းမပျက်ရအောင်၊ ဆင်းသက်၍ လာရကြောင်း၊ မဟာဝါသုတ်ပါဠိ၊ ဥပရိပဏ္ဏာသ၊ အင်္ဂုတ္တရ၊ အဋ္ဌကထာ၊ ဘုရားဟော ပါဠိမြွတ်က၊ အများသော သတ္တဝါသိမှတ်ဖို့၊ စာပိဋကတ်လာပါသဖြင့်၊ ဘွေအဇ္ဈာဝေဟာ နင်းပါလို့၊ မနေသာ မြေပထပျာ ဆင်းရပါဦးတော့။ ဒေဝါမင်း အမစ္စာက၊ အစစ်ဓမ္မာနှင့် သာဓကေတမ်းခဲ့ပါတော့၊ အပြစ်ရှာသူတို့

mgyoe.com

mgyoe.com


ကန့်လန့်ကာထလို့ မယမ်းရအောင်၊ ကိုင်း...၊ အဋ္ဌကထာပြကျမ်းဖွင့်။

## လူ့ပြည်သို့ရောက်

မြို့လာ။ ။ လောကပါလ အမစ္စဟု ဒေဝပုတ္တာ၊ အဋ္ဌာနာဋ္ဌ နတ်ဌာနက၊ ဆင်းကြွလို့ လာခဲ့၊ နဂရာစည်ပင်လို့ မဆိတ်ပေသော၊ မည်တွင်အတိတ်၊ ရာမညာတွင် အမှန်ပင်သာသည့် ရွှေကုန်မြို့၊ ရေယမုန်ကြို့တဲ့ ငွေကုန္တဒီ၊ မြေဘုံမဟီ၊ နတ်သန်ဒေသဌ်၊ ကြက်ပျံမြေမကျ၊ မင်းလမ်းနှစ်ဖက် ညှပ်ပြီးတော့ တင်းကျမ်း တစ်ကွက်မလပ် တိုက်တာ အိမ်တွေနှင့် မကိုဋ္ဌအာလိန် စတုမဟာနိုင်းရတော့မလို၊ လူ့နဂရာတိုင်း အချုပ်ရာဇဌာ ထဲမဖြင့်၊ အဟုတ်သာယာတဲ့ မြို့ကြီးတစ်မြို့ပါပေပဲ ကရို့။

အင်း...အဟုတ်သာယာတာ အခြေဆလိုက်တော့၊ ဗုဒ္ဓါအပ္ပမေယျ ဘဂဝါ ဇိနအရှင်သည် အပ္ပရာဇိတပလ္လင်ဌ်၊ အမြတ်ဓမ္မာ ရပြီးနောက်၊ သတ္တဌာန ရာဇာ ရတနံမှာ၊ နှစ်ဖြာဒါယကံ ဥက္ကလာ၏နဂရက တဖုဿဘလ္လိက နှစ်ဖြာကုန်သည်တို့ သည်၊ သဒ္ဓါဟုန်ကြည်ကြည်နှင့်၊ အထံတော်ကပ်တော့၊ ဆံတော်ဓာတ်ရှစ်ဆူ သနား ပြီး၊ လုစ်ကြူစကား မြွက်ဗျာဒိတ်မှာ၊ အထက်ခါ အထိတ်ကသုံးဆူအမတာကြွကြ သော၊ ဘုန်းလူဘဂဝါ ဘုရားမွေဓာတ်အစုံလည်း၊ မြေမြတ်ဝသုန် တောင်သိင်္ဂုတ္တရဌ်၊ နောင်မတိမ်မြုပ်ရအောင်၊ အခေါင်စိန်အုတ်သ၍၊ ဌာပနာထားရမည်ဟု၊ သတ္တဝါ အများအကျိုးမျှော်ပြီး၊ တန်ခိုးတော် ဘဝဂ် အဇ္ဈောကကြားတော့၊ အထက်ဖြဟ္မာ သိကြားတို့ပင်၊ သက်လာအများ။ အစုံမသွေတည်ကြည်တဲ့။ တိဂုံစေတီ၏ ဘုန်းဂုဏ် သမ္ဘာလင်းသော်ကြောင့်၊ အလုံးစုံ နဂရာခပင်း၊ မြန်မာပြည်မှာဖြင့်၊ သာစည်တဲ့ မြို့ကြီးတစ်မြို့ဟု ဆိုရပေတာကိုး။

သို့ရာတွင် တိဂုံစေတီတော်မြတ်ကြီးကို ရှိခိုးပူဇော် ဖူးမြော်ဝတ်တွား၍ မြတ်စွာ ဘုရား အာရုံပြုပြီးမှ သင့်လျော်တော့မှာပဲ။ ။

ဘုရားဖူး။ ။ အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပ မေယျ၊ အရဟံအစ၊ ဘဂဝါ အဆုံး၊ ပြိုင်နှုန်းမရ၊ မုနိန္ဒထွက်ချာ၊ သုံးရွာ ဘုံသားတို့၏ ထိပ်တင်၊ ငါးမာန်ရှဲတဲ့ အောင်ပွဲဝင်ဘုရား။ ဦးတင်ကာချီ၊ ဝစီကာယံ မနသီမှန်တဲ့၊ ကံသုံးလီဖြင့် ကြည်လင် သဒ္ဓါ ရှိခိုးပါ၏။ မဟာပုည်၊ ကုသလ်ကြောင့်၊ နေရဗန်စူးစူး၊ ရွှေသောင်ဦးသို့၊ ကူးခပ် လျှင်စွာ၊ မှန်မကွာအောင်၊ မြန်စွာရောက်ရပါလိုသော၊ ဩကာသ၊ ဩကာသ။ ။
ဘုရား...ဘုရား...

mgyoe.com

mgyoe.com


ပြော်…. မြတ်စွာဘုရားကြီး အာရုံပြုရှ်ဖြင့် ပြီးပေပြီ။ သို့ရာတွင် ဒါန၊ သီလ၊ ဘာဝနာအစရှိသော ကုသိုလ်၊ ပညာတို့ကို မမေ့မလျော့၊ လှူကြ၊ တန်းကြ၊ သီလဆောက်တည်ကြ၊ ဝိပဿနာ၊ ဘာဝနာ အားထုတ်ကြသော ကုသိုလ်ရှင်တွေကို ရွှေဖြင့်ပြီးသော ပုရပိုက်နှင့်မှတ်သားရမည်ဟူသော ဝတ္တရားအတိုင်း လှည့်လည်ကြည့် လေဦးမှ တော်တော့မကိုး။

**မောရဝတီသည် အရှေ့ဘက် တန်ဆောင်းအတွင်း**
**မြတ်စွာဘုရား အာရုံပြုပြီးသော် မေတ္တာ ကမ္မဋ္ဌာန်းစီးဖြန်း ပွားများနေပုံ**
**အမိ မြန်မာပြည်**

**ဆုတောင်း တေးထပ်**

ပြည် မြန်မာတန်းမြင့်လို့၊ စန်းပွင့်ကြပါစေ။ မှန်းချင့်သည့် ပတ္တနာ မသွေ အောင်။ ဝါယာမေအထူး၊ သဒ္ဒါသ စေတနာရယ်၊ အဝေရာ ပေးပို့ဖြန့်ဖြူး၊ ဗျည်းသတ အဋ္ဌာဝီကို၊ ခါလီလီရင့်ကျူး၊ မကြာမီ ပွင့်မြူးဖို့၊ ဆင့်ကူးသည့် စေတနာ၊ နတ်ဗြဟ္မာ မကျန် ကြွင်းစေဟု၊ မှန်အလင်း ပေးပို့မေတ္တာ။ ဥဒ္ဒံသို့ ဘဝဂ္ဂါပါ။ နရက်ရှာ အမှန် ကျအောင်ပ။ သမန္တ စက္ကဝါဠေ။ အေးကြပါစေ။ မြေရေရှိ အာကာသေပါ၊ သတ္တဝါတွေ ခပ်သိမ်းဖို့လေး။

ထိုကဲ့သို့ အမိမြန်ပြည်၏ ကြီးပွားရေး ဆုတောင်းလျက် မေတ္တာ ကမ္မဋ္ဌာန်း သံကိုကြားရော၊ အလွန်အေးမြချမ်းသာသော စိတ်ကို ရသဖြင့်။

**နတ်ပြော။** ။ အင်း…မြတ်စွာဘုရား ရင်ပြင်တော်ကို လှည့်လည်ပြီး ကုသိုလ်ရှင်များ မှတ်သားရအောင် လာခဲ့ပါ။ ဟို…အရှေ့ဘက် တန်ဆောင်းအတွင်းက မေတ္တာကမ္မဋ္ဌာန်းများ စီးဖြန်းပွားများနေတာ ကြားလိုက်ရ၊ နား၏ချမ်းသာခြင်း ရှိပါ ဘိတော့ကရို။ ထို့ကြောင့် မေတ္တာပို့ရခြင်း၏အကျိုး ၁၁ ပါးကို မြတ်စွာဘုရား ဟော တော်မူတာပဲ။ ဘယ်သို့ ဟောတော်မူပါသလဲဆိုတော့။

မေတ္တာယခေါ ဘိက္ခဝေ။ စေတောဝိမုတ္တိယာ၊ အာသေဝိတာယ ဘာဝိတာယ၊ ဗဟုလီကတာယ။ သုသမာရဒ္ဓါယ။ ဧကာဒသာနိသံသာ။ ပါဋိကင်္ခါ၊ ကတမေဧကာ ဒသ၊ သုခံသုပ္ပတိ၊ သုခံပဋိဗုဇ္ဈတိ။ နပါပကံသုပိနံပဿတိ။ အမနုဿာနံပိယောဟောတိ။ အမနုဿာနံ ပိယောဟောတိ။ ဒေဝတာအနုရက္ခန္တိ။ နဿအဂ္ဂိဝါ၊ ဝိသံဝါ။ သတ္ထံဝါ၊

mgyoe.com

mgyoe.com


ကမတိ၊ ကုဝန္တံ စိတ္တံသမာဓိယတိ။ မုခဝဏ္ဏောပသီ ဒတိ၏အ–သံမုဠှော ကာလံက ရောတိ၊ ဥတ္တရိမပ္ပဋိဝိဇ္ဈန္တော။ ဗြဟ္မလော ကုပဂေါဟော တီတိ... ဟူ၍ ဟောတော်မူ တယ်။ ။နည်းနည်းကလေး မှတ်စရာကောင်းတဲ့ အချက်ကလေးမို့ ထည့်လိုက်သနော်၊ ပါဠိတွေနှင့်ရှည်လိုက်တာလို့ မညည်းကြနှင့်၊ အလွန်မှတ်ဖို့ ကောင်းလွန်းလို့၊ သည်း ညည်းခံပြီး ဖတ်လိုက်ကြ။ ။အနက်ကလေး ဖော်လိုက်ဦးစို့။ ဘိက္ခဝေ၊ ရဟန်းတို့။ အာသေဝိတာသ၊ အဖန်တလဲလဲမှီဝဲအပ်သော။ ဘာဝိတာယ၊ ပွားစေအပ်သော။ ဗဟု လိတည္မာယ၊ အကြိမ်များစွာ အလေ့အထပြုအပ်သော။ သုသမာရဒ္ဓါယ၊ ကောင်းစွာ အားထုတ်၍ စီးဖြန်းအပ်သော မေတ္တာယစေတောဝိမုတ္တိယာ၊ မေတ္တာဟူသော။ စေတော ဝိမုတ္တိဖြင့်၊ ဧကာဒသအာနိသံသာ၊ တစ်ဆယ့်တစ်ပါးသော အကျိုးသက်တို့ကို။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်ကုန်၏။ ဧကာဒသ၊ တစ်ဆယ့်တစ်ပါးသော အကျိုးတို့ဟူ သည်ကား၊ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ သုခံ၊ ချမ်းသာစွာ။ သုပ္ပတိ၊ အိပ်ရ၏။ သုခံ၊ ချမ်းသာစွာ ဗုဇ္ဈတိ။ နိုးရ၏။ ပါပကံ၊ ဆိုးရွား ယုတ်မာမကောင်းစွာ သော။ သုပိနံ၊ အိပ်မက်ကို။ နပဿတိ၊ မမြင်မက်။ မနုဿနံ၊ လူအပေါင်းတို့၏။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ အမနုဿာနံ၊ တစ္ဆေ၊ ဖုတ်ကျတ်၊ နတ်ရဲ စုန်းရူး၊ ဘီလူးယက္ခတ်တို့၏။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဒေဝတာ၊ နတ်ကောင်းတို့သည်။ အနုရက္ခန္တိ၊ အစဉ် စောင့်ရှောက်ကုန်၏။ အဿာ၊ ထိုမေတ္တာပွား သောသူအား။ အဂ္ဂိဝါ၊ မီးသည်လည်း။ နကမတိ၊ မအောင်နိုင်။ ဝိသံဝါ၊ အဆိပ်သည် လည်း။ နကမတိ၊ မတတ်နိုင်ရာ။ သတ္ထံဝါ၊ လေးမြားလှံ မီးပေါက်စသော လက်နက် သည်လည်း။ နကမတိ၊ မရောက်နိုင်။ တုဝဋံ၊ ပျံ့လွင့်ကြင်နာသော။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။ မုခဝဏ္ဏော၊ မျက်နှာအဆင်းသည်၊ ပသီဒတိ၊ ကြည် လင်၏။ မုခ အသံမုဠှော၊ မတွေဝေသည်ဖြစ်၍၊ ကာလံတရောတိ၊ သေရ၏။ ဥတ္တရိ၊ လွန်မြတ်သော လောကုတ္တရာတရားကို၊ အပ္ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ မသိနိုင်သည် ရှိသော်။ ဗြဟ္မလောကုပဂေါ၊ ဗြဟ္မာပြည်သို့ လားရသည်။ ဟောတိ၊ ဖြစ်၏...လို့ အဲသို့လို မြတ်စွာဘုရား ဟောကြားတော် မူပေတယ်။ သို့သော် မေတ္တာကမ္မဋ္ဌာန်းကို ပွားများသောသူများကို၊ နတ်ကောင်းများ စောင့်ရှောက်ဖို့ ဝတ္တရား မှန်သည့်အတိုင်း ရှိသဒ္ဓါ မနုသီယူ ဈော်ညောင်းတဲ့၊ အမိမြန်မာပြည် သူတော်ကောင်းမကလေးကို၊ တန်ဆောင်း၏အဝင်နားက၊ အထင်အရှား အဟုတ်မြင်ရအောင်။ ရုပ်သွင်ကို ပြလိုက်ဦးမှ တော်တော့မကိုး။ ကိုင်း... မျက်ဝါးထင်ထင် မြင်စေဗျား။

mgyoe.com

mgyoe.com


**မောရာဝတီ**။ ။အလို... မြတ်စွာ၊ ရင်ပြင်တော် တန်ဆောင်းမှာ ကုသိုလ်ကောင်းမှုများ အားထုတ်နေတာ၊ အတော်ပဲ ကြာလှပြီ။ သည်ကို လှပရည်မွန်လျက်၊ ခံ့ညားပြေပြစ်သော ရုပ်ဆင်းသဏ္ဍာန်ဖြင့် ထူးခြားသော အဝတ်တန်ဆာရှိသူကို တစ်ခါဖူးမျှ မမြင်မတွေ့ဖူးဘူး၊ တည်ကြည်တဲ့ ဣန္ဒြေကလည်း ရှိပါဘိသနဲ့။ သို့ရာတွင်၊ ဘာကိစ္စများကြောင့် ရှေးရှု ရပ်တန့်လာတယ် မသိဘူး။ မေးရဦးမှာပဲ၊ ကျွန်မရှေ့တွင် ရပ်တန့်တော်မူတဲ့။ သည်က မောင်ကြီးက ဘာများမိန့်ကြားတော်မူလိုလို့ပါလဲ ရှင့်။ ဘယ်အရပ် ဘယ်မြို့ကပါတုံး ရှင့်။ ဘယ်အရာရှိမင်းများပါတုံး ရှင့်။

**လောကပါလ**။ ။အင်း...တယ်...ရည်ရည်မွန်မွန် ရှိပါတယ်။ ဟုတ်ကဲ့၊ ရှေ့မှာ ရပ်တန့်လာတာက၊ ဘာမျှကိစ္စထူးထွေလို့တော့ မဟုတ်လှပါဘူး။ သည်ကနှမကြီး စီးဖြန်းပွားများတဲ့မေတ္တာ ကမ္မဋ္ဌာန်းကို နားချမ်းမြေ့လွန်းလို့ နှမ၏ မေတ္တာကို ခံယူပါတယ်။ မောင်ကြီးနေတဲ့ အရပ်ကတော့ ဤလူ့ပြည်သား မဟုတ်ပါဘူး။ မောင်ကြီးဟာလည်း လူအရာရှိထဲက မဟုတ်ပါဘူး နှမရဲ့။

မောရာဝတီသည် တစ်အောင့်လောက် အမ်းနေပြီးမှ မျက်နှာကို သေချာစွာကြည့်လျက်ပြော။ ။အလို...ထူးဆန်းအံ့ဩဖွယ်ပါကလား။ နေရပ်ကိုတော့လည်း လူသားမဟုတ်ဘူး။ မောင်ကြီးလည်း လူအရာရှိထဲက မဟုတ်ပါဘူးဆိုပါကလား။ အတိအလင်း မိန့်တော်မူမှ သည်ကနှမမှာ သိရမည် ဖြစ်ပါသည်... မောင်ကြီး ရှင့်။

**နတ်**။ ။တစ်ရံတစ်ဖန်၊ ကုသိုလ်ထူးတဲ့ ပုဂ္ဂိုလ်များဖြစ်မှ တွေ့ရကြုံရတာကလား နှမရဲ့၊ အတိအသင်း ဖွင့်ပြောရမှာပ။ မောင်ကြီးက စတုမဟာရာဇ် နတ်ပြည်က လောကပါလာ နတ်မင်းကြီးတို့၏ အမိန့်အတိုင်း လူ့ပြည်ဆင်းလာရတာကလား။ မောင်ကြီးကတော့ (လောကပါလမစ္စ) နတ်သားတဲ့ဗျာ။ ။

**မောရာဝတီ**။ ။အလို...ဝမ်းမြောက် ဝမ်းသာစရာ ကောင်းလိုက်တာ ရှင်၊ စတုမဟာရာဇ် နတ်ပြည်က၊ (လောကပါလမစ္စ) နတ်သားတဲ့၊ သည်အမည်ဟာ အဓိပ္ပာယ် မြန်မာလိုတော့ ဘယ်လိုခေါ်ပါသလဲရှင့်။

**နတ်**။ ။လောကပါလာ မစ္စနတ်သားဆိုတာ မဂဓလိုကိုး နှမရဲ့၊ လောကပါလအမစ္စလို့၊ ပဒစ္ဆေနပြု၍ မြန်မာလိုတော့ လောကကိုစောင့်သော လောကပါလ နတ်မင်း၏အမတ်ပေါ့ နှမရဲ့။

**မောရာဝတီ**။ ။လောကပါလ နတ်ဆိုတာ ဘယ်အမည်ရှိပါသလဲ ရှင်၊ သိပါရစေ။

**နတ်**။ ။လောကပါလနတ်မင်းဆိုတာ ငါ့နှမကြီး အာဋ္ဌာနာဋိယသုတ်ပရိတ်ကို

mgyoe.com

mgyoe.com


သင်ဖူးပါလိမ့်မယ်။ အဲသည်သုတ်မှာပါတဲ့ မတရဋ္ဌ၊ ဝိရုဋ္ဌက၊ ဝိရုပက္ခ၊ ကုဝေရဆိုတဲ့ နတ်ကြီးလေးပါးပေါ့ နှမရဲ့၊ ထိုနတ်မင်းလေးပါးကို စတုမဟာရာဇ် နတ်မင်းကြီးများလို့လည်း ခေါ်ရတယ်။

**မောရာဝတီ။** ။ သည်နတ်မင်းကြီးလေးပါး စံတော်မူတဲ့ စတုမဟာရာဇ်ဘုံဆိုတာ မြင့်မိုရ်တောင်မှာ ဘယ်လို တည်ပါသလဲ ရှင်။

**နတ်။** ။ စတုမဟာရာဇ် နတ်ဘုံဆိုတာ မြင်းမိုရ်တောင်မှာ အာလိန်ငါးဆင့်ရှိသည့် အနက်၊ ပဌမ အာလိန်မှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးမျက်နှာ ဝန်းရံ၍ တည်တာကလား နှမရဲ့၊ ထိုနတ်မင်းကြီးများ၏ စိုးပိုင်အုပ်ချုပ်တော်မူသော အာဋ္ဌာနာဋ္ဌ အစရှိသော၊ ၁၂ မြို့တွင် ဓတရဋ္ဌနတ်မင်းကြီးဆိုတာ... အရှေ့အရပ်က ဂန္ဓဗ္ဗနတ်တွေ အစိုးရသဗျ၊ တောင်အရပ်က ဝိရုဋ္ဌက နတ်မင်းကြီးဆိုတာ ကုမ္ဘာန်တွေ အစိုးရသဗျ။ အနောက်မျက်နှာက ဝိရူပက္ခနတ်မင်းကြီးကတော့ နဂါးတွေ အစိုးရသဗျ။ မြောက်မျက်နှာက ကုဝေရဆိုတဲ့ နတ်မင်းကြီးဟာ သူ့ကို ဝေဿဝဏ္ဏနတ်မင်းလို့လည်း ခေါ်တယ်။ (လက်နက်ကြီးလေးပါးမှာ တစ်ပါးအဝင်ဖြစ်တဲ့ လောဟာဝုဓ သံချောင်းလက်နက်ကိုလည်း ပိုင်တော်မူတယ်။ ဘီလူးအပေါင်းတို့ကို အစိုးရတယ်။ အဲသည်နတ်မင်းကြီးလေးပါး စံတော်မူတဲ့ ဘုံဖြစ်၍ စတုမဟာရာဇပုဒ်ကိုစွဲ၍ စတုမဟာရာဇ်ဘုံလို့ ခေါ်ရတယ်။ ယခုလူ့ပြည်မှာရှိတဲ့ ဘုမ္မစိုး ရုက္ခစိုး (တစ်နည်း) ဘုမဇိုမ်း ရုက္ခဇိုမ်းစသော နတ်တွေဟာ စတုမဟာရာဇ်ဘုံသို့ချည်း သွင်း၍ ရေတွက် အပ်သကိုး နှမရဲ့။

**မောရာဝတီ။** ။ နတ်မင်းကြီးလေးပါး စံတော်မူတဲ့ဘုံမို့ စတုမဟာရာဇ်ဘုံဆိုတာက တော့ သိပါပြီ။ ဝေဿဝဏ္ဏ နတ်မင်းကြီးဟာ လက်နက်ကြီး လေးပါး အဝင်ဖြစ်တဲ့ လောဟာဝုဓ သံချောင်းလက်နက်ကို အစိုးရတယ်လို့ဆိုတာက လက်နက် ကြီးလေးပါးဟူသည်မှာ ဘယ်လက်နက်များကို မှတ်သားရပါမလဲ မောင်ကြီးနတ်ကဲ့။

**နတ်။** ။ လက်နက်ကြီးလေးပါးဆိုတာ ဤကမ္ဘာလောကကြီးမှာ ရန်သူကို နှိမ်နင်းနိုင် ခြင်း၌ အထက်မြတ်ဆုံး တန်ခိုးအကြီးဆုံးသော လက်နက်ကြီးကို ဆိုတယ်။ အဲသည်လက်နက်ကြီးဟာ လေးပါးရှိတယ်။ ထိုလေးပါးကို သေချာစွာသိရန် ခွဲခြားပြရ မှာပေါ့။ တာဝတိံသာ၌ သိကြားမင်းကြီး အစိုးရသော ဝရဇိန် လက်နက်၊ ငရဲပြည်၌ ယမမင်းကြီး အစိုးရသော မျက်စောင်းလက်နက်၊ စတုမဟာရာဇ်နတ်ဘုံက ဝေဿဝဏ် နတ်မင်းကြီး အစိုးရသောသံချောင်းလက်နက် (တစ်နည်း) (အဘိဓာန်ကျမ်းတို့၌ ရွှိန်း

mgyoe.com

mgyoe.com

တောင်းလက်နက် ဟူ၍လည်းဆို၏)။ ထိုမှတစ်ပါး အာဠ္ဍာဝကဘီလူး မင်းကြီးအစိုးရသော ဘွဲ့ဖြူလက်နက်... ဟူ၍ လေးပါးရှိတယ်။ ထိုကြောင့် မဟုတ်လား။ ကျမ်းဂန်ပိဋကတ်ကို၊ ပတ်ပတ် မွှေနှောက်လျက်။ ထက်အောက်ညာကြော်၊ ကျော်စောပေသောစလေဦးပုည၏ဘုန်းကြီးပင့် မေတ္တာစာဉ္ဇ။ ။ဝေဿဝဏ္ဏော ယမောသက္က အာဠ္ဍာဝကတို့ ထာဝရလက်စွဲ ရဲရဲလျှံမောင်း၊ သံချောင်းစကြာ၊ လောဟာဝုဓ၊ ဒေါသထောင်းထောင်း၊ မာန်ချောင်းချောင်းနှင့်၊ ဦးခေါင်းငဲ့လှည့်။ စောင်း၍ကြည့်က၊ မြည့်မြည့်ကြွေမွ၊ ပြာကျလောင်မြိုက်၊ ကမ္ဘာမီးတိုက်သကဲ့သို့၊ ပြိုက်ပြိုက်ပျက်ရှုံး၊ ဘဝဆုံးရသောမျက်လုံးလက်နက်၊ အမျက်မာန၊ အာဃာတဖြင့်၊ ဝါသဝနတ်၊ ပတ်ပတ်လှည့်ရစ်၊ လွှတ်၍ပစ်က၊ ထစ်ထစ်ရိုက်ချုန်း၊ ဖြုန်းဖြုန်းကွဲပျို၊ မြင့်မိုရ်သတ္တရဘာန်၊ မဟာဏ်သိန္ဓု၊ အနုမြူလောက်၊ ကောက်၍မရ၊ ပျောက်ရှစင်ကွာ၊ ပြင်းထန်စွာသော၊ မဟာဝရဇိန်ထိန်ထိန်လျှံလက်၊ စက်အာဝုဓ၊ အပမသ္မိ အာဠဝကော။ မြေကြော လှန်မှောက်၊ ငါဟဲ့ငေါက်လျှင်၊ ထောင်လောက်မက၊ ငွါးငွါးထလျက်၊ ကေလာသတောင် အထွတ်မြေသိမ့်၍ ညွှတ်လုအောင်၊ တစ်ချက်လွှတ်ခုံနင်း၊ တောင်ထိပ်တွေတွင်၊ လက်ယာခြေခင်းပြီး တစ်ဟုန်ချင်းပစ်လိုက်လျှင်၊ မြစ်သမုဒ်လေးဆိုင်၊ ခုနစ်အိုင်ခန်းခြောက်၊ မီးထိန်ထိန် လောင်တောက်၍ ကျရောက်သော မြေပြင်ဝယ်၊ ဆယ့်နှစ်နှစ်ကြာတင်အောင်၊ မြက်တစ်ပင်မပေါက်၊ ကောင်းကင်သို့ မြှောက်လိုက်လျှင်၊ ဝင်းဝင်းတောက် တပြောင်ပြောင်၊ ဆယ့်နှစ်နှစ်မိုးခေါင်သော စက်လောင် မီးမက၊ ဒုကုလသွဲ့ဖြူ၊ ဝှန်ဆူညီးညီး၊ လက်နက်ကြီးတစ်ခု၊ စတုဝေရာဇ်၊ ရန်လုစ် နှိပ်နှံ့။ အလျှံထိန်ထိန်၊ ပစ်ချိန်ယန္တရား၊ စက်လေးပါးကဲ့သို့။ ။ဟူ၍ ရေးစပ် ခဲ့ပေတယ်။

အဲဒါ လောကမှာ အကြီးမားဆုံးသော လက်နက်ကြီးဟု မှတ်လိုက်ပေတော့နမရဲ့။ ကျုပ်နမကြီး မှတ်ချင်တယ်ဆိုလို့ ခပ်ကျယ်ကျယ် ဖြေလိုက်ရပါသဗျား။

**မောရာဝတီ။** ။ နို့...မောင်ကြီးနတ်ကယ်... မသိလို့ မေးပါရစေဦး။ သည်လောက်တန်ခိုးကြီးတဲ့ လက်နက်ကြီးတွေကို ယခုအခါ အသုံးပြုကြပါသေးသလား ရှင့်။

**နတ်။** ။ အင်း...ရှေးက သာသနာပအခါ ဘုရားတရားတော် မသိခင်တုန်းကတန်းခိုးပြကြတာကလား နမရဲ့၊ ယခုအခါ သည်နတ်မင်းကြီးလေးပါးဟာအားလုံးသော တာပတ္တိဖိုလ်ကိုရပြီး အရိယာဇာတ်ဖြစ်ကုန်ကြတော့ ဤသို့ သတ္တဝါတွေကို ညှဉ်းဆဲတဲ့လက်နက်တွေ မသုံးကြဘူး။ ကျပ်ကျပ်ပြင်းထန်တဲ့ လက်နက်ကို
mgyoe.com

mgyoe.com


သုံးတယ်ဆိုတာ နတ်ဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ဘုရားတရားတော်ကို နည်းနည်းမှ မသိတဲ့ နတ်တွေ၊ လူတွေသာ သုံးကြတာကလား နှမရဲ့။ တရားရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ သတ္တဝါ၏ အသက်တစ်ခုကို သတ်ရမှာ အလွန်ကြောက်တာကလား၊ ကျပ်ကျပ် တရားရှိတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်အသက်ကို အသေခံလျှင်သာ ခံမည်သာ၊ တစ်ပါးသော သတ္တဝါတို့၏ အသက်ကို မသတ်ရဲဘူး နှမရဲ့။

**မောရာဝတီ**။ ။ သြော်...ဒါဖြင့် လွန်ခဲ့တဲ့ ယမန်နှစ်များက အနောက်နိုင်ငံ ဥရောပ တိုက်မှာ စစ်ကြီးဖြစ်ကြတုန်းက ဂျာမနီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား စသော လူမျိုးတွေ သုံးကြတဲ့ ဗုံး၊ အမြောက်၊ တိုပီတို၊ မိုင်း စသော လက်နက်ကြီး တွေ သုံးကြတာ သည်လူမျိုးတွေဟာ တရားမသိလို့ မှတ်ရမလား ရှင့်။

**နတ်**။ ။ အင်း...မောင်ကြီး နတ်တို့ ဗုဒ္ဓဘာသာ တရားနှင့်ပြောတော့ တရားမရှိလို့ ပေါ့ နှမရဲ့၊ သူတို့ဘာသာတရားကတော့ စစ်ထဲမှာသေလျှင်၊ ကောင်းကင်ဘုံ ရောက်တယ်လို့ ဟောထားတာကလားကွဲ့၊ မောင်ကြီးနတ်တို့တော့ ကြည့်တောင် မကြည့်ဝံ့ပေါင်ဗျာ။

**မောရာဝတီ**။ ။ အလို...မောင်ကြီး နတ်တို့ကတောင် အင်္ဂလိပ်၊ ဂျာမနီ စသည်တို့ကို ကြောက်ရလို့ မကြည့်ဝံ့တာလား ရှင့်။

**နတ်**။ ။ ဟား...ဟား...ဟား၊ နတ်က လူကို ကြောက်ပါ့မလား နှမရယ်။ သို့သော် ငါ့နှမ မြင်အောင် ဥပမာ...ပြရမှာပ။ ကြက်သတ်ကုလားတစ်ယောက်ဟာ ကြက်တစ်ကောင် လည်ပင်း ဓားနှင့်လှီးပြီး သွေးတွေ တစက်စက်နှင့် ရုတ်တရက် လည်း မသေ၊ ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ နေတုန်း ငါ့နှမ ကြည့်ဝံ့ရဲ့လား။

**မောရာဝတီ**။ ။ အမယ်လေး...ကြည့်ဝံ့ဖို့ နေနေသာသာ ပြောတာနှင့်ပဲ ကြက်သီး ထလှပါပြီ ရှင့်။

**နတ်**။ ။ အဲဒါလိုပေါ့ နှမရဲ့၊ သူတို့ ဥရောပတိုက်မှာ ကုလားဖြူတွေ စစ်ဖြစ်လို့ တစ်ဦးတစ်ဦး ပစ်ခတ်သတ်ကြတာတွေဟာ၊ ဘယ့်လောက် သေလိုက်ကြ သလဲလို့၊ ကိုယ်နှင့်ရန်မူတဲ့ လူကိုသာမက ကြားထဲက တိရစ္ဆာန်တွေဟာ မရေမတွက် နိုင် သေကျေတာ၊ တရားမဲ့တဲ့ နိုင်ငံမှာမို့ သည်လောက်ပြင်းတဲ့ လက်နက်ကြီးတွေသုံး ပြီး သတ္တန္တရကပ်ကြီးသင့်လို့ နေကြတာ၊ မောင်ကြီးတို့ တရားသိတဲ့ နတ်များက ဘယ်မှာကြည့်ဝံ့တော့မလဲ နှမရဲ့။

**မောရာဝတီ**။ ။ ကျေးဇူးတော်တင်ပါတယ် မောင်ကြီး နတ်ကယ်၊ အရာရာကို အထူး

mgyoe.com

mgyoe.com


ပဲ မှတ်သားရပါတယ်။ သို့ ဒါထက်… တစ်ခုမသိလို့ မေးပါရစေရှင်။ တာဝတိံသာက နတ်များတော့ ရှေးက ဇာတ်ဝတ္ထုများမှာ လူ့ပြည်သို့ ဆင်း၍ မစကြတယ်၊ ကိုယ်ထင်ပြကြတယ်လို့ ကျမ်းဂန်စာပေမှာ တွေ့ဖူးသရှင့်၊ ယခုအခါ ဘာပြုလို့ လူ့ပြည်မကြွလာကြပါသလဲ ရှင်။

**နတ်။** ။ တာဝတိံသာ နတ်များက ယခုအခါ လူ့ပြည်က လူများကို ခွေးကောင်ပုပ်ကဲ့သို့ ထင်ပြီး ယူဇနာတစ်ရာ နှစ်ရာက ကွင်းသွားကြတယ်။ ဒါ ဘာကြောင့်လဲဆိုတော့… ဟိုကမ္ဘာဦးက လူများကတော့ အကျင့်သီလလည်းရှိတယ်။ အာဟာရမှာလည်း နူးညံ့သိမ်မွေ့တယ်။ ဒါကြောင့် တာဝတိံသာနတ်များ လူနားကပ်နိုင်တာကလား။ ယခုအခါ လူအများကတော့ အစာအာဟာရမှာလည်း တိရစ္ဆာန် ကျွဲ၊ နွား၊ ကြက်၊ ဝက် စသော ယုတ်မာတဲ့အသားတွေ စားလွန်းလို့၊ အကျင့်သီလကလည်း မရှိဘူး။ စိတ်နှလုံးကလည်း မသိမ်မွေ့ဘူး။ ဒါကြောင့် လူ့ပြည်မလာတာ။ တာဝတိံသာက နတ်များမပြောနဲ့ မောင်ကြီးတို့ စတုမဟာရာဇ်နတ်တွေတောင် အနားမကပ်ချင်ဘူး၊ ငါ့နှမ နွား၊ ကျွဲ စသော တိရစ္ဆာန်အသားများ မစားနဲ့နော်။

**မောရာဝတီ။** ။ နွား၊ ကျွဲ စသော သတ္တဝါတို့၏ အသားကို စားခြင်းဟာ ဘယ်လိုများ အပြစ်ကြီးပါသလဲ ရှင့်။

**နတ်။** ။ အင်း…နွား၊ ကျွဲ စသော သတ္တဝါတို့၏အသားကိုစားလို့ အဝီစိမှာ ခံရတယ်လို့ တော့ စာပေ ကျမ်းဂန်မှာလည်း မရှိပါဘူး၊ ဘုရားလည်း မဟောခဲ့ပေဘူး၊ သို့ရာတွင် သာခုနရတရားများ ထောက်ချင့်လျက် လူတို့၏အသက်ရှင်ရာ အာဟာရမှုအတွက် ဆန်စပါးတို့ကို ပြုလုပ်ပေးသော တိရစ္ဆာန် ဖြစ်၍ ကျေးဇူးအလွန် ကြီးမားပေတယ် နှမရဲ့၊ သို့အတွက် နွား၊ ကျွဲစသော သတ္တဝါအသားဟာ မစားအပ်ဘူးဗျ။

**မောရာဝတီ။** ။ သည် နွား၊ ကျွဲ စသော တိရစ္ဆာန်တို့၏အသားကို လူတို့ဟာ စားရကောင်းသည်ဟု ကမ္ဘာဦး မဟာသမ္မတမင်းက ဆင်းသက်ပြီး မသိကြပါဘဲလျက် မည်သူက အစပြုကာ သင်ဉာဏ်ပေးလို့၊ ဘယ်တုန်းက စပြီး လူများ တိရစ္ဆာန် အသားတွေကို စားကြပါသလဲ ရှင့်။

**နတ်။** ။ မပြောချင်ပါဘူး နှမရယ်။ ကမ္ဘာဦး မဟာသမ္မတမင်းက ဆင်းသက်ပြီး ဩက္ကာကရာဇ်မင်း မတိုင်မီ အထက်က မင်းများဟာ သင်္ဂဟတရား လေးပါးဟူသော၊ သဿမေဓံ ပုရိသမေဓံ သမာပါသံ ဝါစာပေယျံ… ဆိုတဲ့ တရားလေးပါးကို အမြဲအားဖြင့် စောင့်ထိန်းကြတယ်။ ဩက္ကာကရာဇ်မင်း လက်ထက်ကျတော့… ယုတ်မာ

mgyoe.com

mgyoe.com


တဲ့ ပုဏ္ဏားတွေဟာ လူတို့၏ အလှူကို ခံလို၍ လာဘ်သပ္ပကာ မက်မောပြီး သင်္ဂဟတရားလေးပါးကို ပုဒ်ပါဌ်အက္ခရာ အနက်အဓိပ္ပာယ် ပျက်အောင်လုပ်ပြီး ယဇ်ကြီးငါးပါး ပူဇော်ရမယ်လို့ ဟောပြောကြကတည်းက လူသတ္တဝါတွေ တိရစ္ဆာန်အသားစားကုန်တာကလား နှမရဲ့။

**မောရာဝတီ။** ။ သည်စကား အဓိပ္ပာယ်ကို ခပ်ရှင်းရှင်း သိပါရစေ ရှင်။ စကားကြောရှည်လှတယ်လို့ သဘောမထားဘဲ မှတ်သားရအောင် တစ်ဆိတ်ကလေး အမိန့်ရှိတော်မူစမ်းပါဦး ရှင့်။

**နတ်။** ။ သည်လို...သည်လို။ ရှေးမင်းတို့ကျင့်တဲ့ သင်္ဂဟတရားလေးပါးဆိုတဲ့ သဿမေဓံ၊ ပူရိသမေဓံ၊ သမ္မာပါသံ၊ ဝါစာပေယျံလို့ ရှိတယ်။ အဓိပ္ပာယ်မြန်မာလို ခပ်တိုတို ရှင်းရမှာဖြင့်... ၁။ (သဿမေဓံ)ဆိုတာ မင်းများသည် ပြည်သူတို့အား ဘေးရန်မရှိအောင် စောင့်ရှောက်ရသည့်အတွက် ပြည်သူများက မိမိတို့လုပ်ဆောင်၍ ရအပ်သော ကောက်ပဲစပါး ဥစ္စာ ရွှေ ငွေတို့ကို၊ ဆယ်ဖို့ တစ်ဖို့ပေးဆောင်ပါမည်ဆိုသည့်အတိုင်း မင်းများက ဆင်းရဲသားများအပေါ်မှာ ဆယ်ဖို့တစ်ဖို့ဖြစ်စေ၊ သို့မဟုတ် တိုင်းပြည်၏ အင်အားအလျောက် ဆုံးဖြတ်ထားသော အခွန်အတုတ်ထက်မပိုရအောင် မှန်ကန်စွာ ခွဲခန့်တာကို ဆိုတယ်မှတ်နော်။ ၂။ (ပုဝိသမေဓံ)ဆိုတာ ထိုပြည်သူတို့ထံက ကောက်၍ တရားသဖြင့် ရသော ဥစ္စာထဲက မှူးမတ် စသောရဲမက်လက်နက်ကိုင်ဟူသော မင်း၏အမှုတော်ထမ်းတို့အား ကြီးစဉ်ငယ်လိုက်စားရိက္ခာအတွက် ထောက်ပံ့ပေးကမ်းခြင်းကို ခေါ်တယ်။ ။၃။ (သမ္မာပါသ)ဆိုတာ တိုင်းပြည်၏ အသက်နှင့်တူတဲ့ ကုန်သည်လယ်လုပ်တို့အား လွတ်လွတ်ကြီးပွားအောင် ရှာဖွေနိုင်ရန် ဖွင့်၍ခွင့်ပေးခြင်း၊ စောင်မသင့်သလောက် စောင်မခြင်း၊ ကူးသန်းရောင်းဝယ်ရန် အရင်းအနှီးမရှိသောသူများကို အတိုးအပွားမရှိဘဲ အရင်းအနှီးထုတ်ပေးရခြင်းကို ဆိုတယ်။ (၄) (ဝါစာပေယျ) ဆိုတာကတော့ တိုင်းနိုင်ငံသားတို့အား ပြုံးခြင်း ရှေးရှိသော ချစ်ဖွယ်စကား မိန့်ကြားပြောဆိုခြင်းကို ဆိုတယ်။ အဲသည် သင်္ဂဟတရားလေးပါးကို ပုဏ္ဏားတွေက ဘယ့်နှယ်ဖျက်ပါသလဲဆိုတော့ (၁) သဿမေဓံ မဟုတ်။ အဿမေဓ၊ အဿသဒ္ဓါ မြင်းဟော၊ မေဓသဒ္ဓါသတ်ခြင်းဟော၊ အဆင်းငါးပါးရှိသော မြင်းစသော သတ္တဝါတွေသတ်ပြီး ယဇ်ပူဇော်ရမယ်။ ပုဏ္ဏားတို့ကိုလည်း လှူရမယ်။ (၂) မှာ ပူရိယမေဓဆိုတာ ယောက်ျားကို သတ်၍ ယဇ်ပူဇော်ရမည်။ ပုဏ္ဏားတို့ကိုလည်း များစွာလှူရမယ်။ (၃) သမ္မာပါသဆိုတာ ပုဏ္ဏားတို့ကို လှူဖို့ ယဇ်ပူဇော်ဖို့ များစွာသော

mgyoe.com

mgyoe.com


ဥစ္စာတို့ကို လှည်းရထားနှင့်တင်ပြီး သူရနဒီ မြစ်ရေကြီးထဲ၌ ပုဏ္ဏားတို့ ငုပ်တဲ့နေရာကို လှည်းက ထမ်းပိုးကျည်းကလန့် ပစ်လိုက်။ ကျရာမှာ ထိုဥစ္စာတွေကိုသွန်၊ ပုဏ္ဏားတွေ ငုပ်ယူဖို့ ကြံတာပကွယ်။ (၄)အချက်က (ဝါစာပေယျံ)ဆိုတဲ့ ပုဒ်ရင်းကို (စ)လုံး မဟုတ်ဘူး။ (ဇ)ကွဲတဲ့။ ဝါဇပေယျ။ ဝါဇသဒ္ဒါ ထောပတ်ဟော၊ ပေယျသဒ္ဒါသောက် ခြင်းဟောတဲ့။ ထောပတ်ကောင်းကောင်းကို ပုဏ္ဏားတွေတိုက်ပြီး ယဇ်ပူဇော်ရမယ် ဆိုလိုတယ်။ ထိုမှတစ်ပါး သူတို့က နောက်ပိုပြီးထည့်ဟဲ့၊ (၅) အချက်ကတော့ (နိရဂ္ဂဠ) မိမိအိမ်မှာ တံခါးမင်းတုပ် မထိုးဘဲ၊ ပုဏ္ဏားတွေ ယူချင်သလို ယူပေစေလို့ ယဇ်ပူဇော်ရ မယ်။ အဲသည်လို ယဇ်ကြီးငါးပါး ပူဇော်လျှင် မင်းကြီးသည် သေသည့် တခြားမှဲ့၌ နတ်ပြည်ရောက်လတ္တံ့လို့ ပုဏ္ဏားတွေက ဟောတော့ ပညာမရှိတဲ့ ဩက္ကာကရာဇ် မင်းကြီးဟာ တကတဲ ယဇ်ကြီးငါးပါးစီရင်ပြီး သတ္တဝါတွေ သတ်ဟယ်၊ စားဟယ်၊ သောက်ဟယ် လုပ်လာတာ… သည်ကတည်းက လူတွေ အမဲသား ငါးစားကုန်တာ ကလား နှမရဲ့။ ဒါ ဘယ်သူ့ကိုမှ အဆိုးမချနဲ့။ တရားခံ လက်ဆွဲပြရမှာဖြင့်… ပုဏ္ဏားတွေပဲ။

**မောရာဝတီ။** ။ ဩော်…ဒါကြောင့် နရောဒုဋ္ဌော ဗြဟ္မဏောလို့ လောကနီတိက ဆိုတာကိုး ရှင့်၊ နို့…ဒါထက် မေးပါရစေဦး။ သည်လို ပုဏ္ဏားတွေ စကား နားထောင်ပြီး ယဇ်ပူဇော်လို့ တိရစ္ဆာန် သတ္တဝါတွေ အသားစားကြတော့ လူသတ္တဝါတွေ ဘယ်လို အကျိုးယုတ်လျော့ကြပါသေးသလဲ ရှင့်။

**နတ်။** ။ အကျိုးယုတ်ဆို… ဘာပြောကောင်းတော့မလဲ နှမရယ်။ သည်ယဇ်ကြီး ငါးပါး ပူဇော်တဲ့ ဩက္ကာကရာဇ်မင်း မဖြစ်မီ ရှေးအခါတုန်းက လူတို့မှာ အနာသုံး မျိုးတည်းသာ ရှိတယ်၊ သည်ယဇ်ကြီး ပူဇော်ပြီး တိရစ္ဆာန်အသားတွေ စားတဲ့နေ့ကစ၍ ယခုထက်ထိ ကိုးဆယ့်ရှစ်ပါးဆိုတဲ့ ရောဂါဆိုးကြီးတွေ ပေါ်လာကုန်တာပ။ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သုတ္တနိပါတ်ဗြဟ္မဏ ဓမ္မိကသုတ်မှာ…။

ပုရေတယော ရောဂါအာသုံ၊ ဣစ္ဆာအန သန်ဇရာ။

ပသူနဥ္စ သမ္မာရမ္ဘာ၊ ပဋ္ဌာနဝုတိအာဂမုံ။ ။

လို့ ဟောတော်မူတယ်။

အနက်ကား။ ပုရေ ယဇ်ကြီးငါးပါး မပူဇော်မီ ရှေးအဖို့၌။ ဣစ္ဆာ၊ လိုချင်ခြင်း လည်းကောင်း။ အနသန်၊ ငတ်မွတ်ခြင်း လည်းကောင်း။ ဇရာ၊ အိုခြင်း လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ ရောဂါ၊ အနာသုံးပါးတို့သည်။ အာသုံ၊ ဖြစ်ကုန်၏။ ပသူနံ၊

mgyoe.com

mgyoe.com


အခြေလေးချောင်းရှိသော နွား အစရှိသော သတ္တဝါတို့ကို။ သမ္မာရဇ္ဇာ၊ သတ်၍ ယဇ်ကြီးငါးပါး ပူဇော်သည်မှ။ ပစ္ဆာ၊ နောက်အခါ၌။ အဋ္ဌာနဝုတိ၊ ကိုးဆယ့်ရှစ်ပါးသော အနာရောဂါတို့သည်။ အာဂမုံ၊ ရောက်လာကုန်ပြီလို့ မြတ်စွာဘုရား ဟောကြားတော်မူတယ် နှမရဲ့၊ အဲသည် ကိုးဆယ့်ရှစ်ပါးမှာ (နသော)နှင့်။ (အပမာရော)ဆိုတဲ့ အနာနှစ်ပါးကို နုတ်၍ ကိုးဆယ့်ခြောက်ပါးလို့ ခေါ်ကြတာကလား။ အဲသည်လောက် လူများဟာ နွား၊ ကျွဲ စသောတိရစ္ဆာန် အသားတွေစားလို့ အကျိုးယုတ်ကြပုံကိုးဗျ။

**မောရာဝတီ။** ။ တိရစ္ဆာန် အသားတွေစားကြလို့ ကိုးဆယ့်ရှစ်ပါးသော ရောဂါတွေ ပေါ်ပေါက်တယ်ဆိုတာကတော့ ကျမ်းဂန်စကားမို့ ယုံကြည်ပါပြီရှင့်။ တိရစ္ဆာန်အသားတွေ စားတာနဲ့ အထက်နတ်များ လူနားမကပ်နိုင်တာက ဘာကြောင့်တုံးရှင့်။

**နတ်။** ။ တိရစ္ဆာန် အသားကို ကျပ်ကျပ်စားတဲ့ လူတွေကို နတ်များက လွန်စွာ စက်ဆုပ်လို့ပေါ့ နှမရယ်။

**မောရာဝတီ။** ။ ကောင်းပါပြီ ရှင်။ မောင်ကြီးနတ် မိန့်တဲ့အတိုင်းပဲ နွား၊ ကျွဲ စသော တိရစ္ဆာန်အသားမစားပါဘူး၊ အလျှင်းပဲ ရှောင်ပါတော့မယ်။ ဒါထက် မောင်ကြီးနတ်ကို မြင်ရတာ ကျွန်မ ဝမ်းလည်းသာရဲ့၊ ဝမ်းလည်းနည်းရဲ့ရှင်။ ဝမ်းသာတာက ဩော်... အလွန်တရာမှ တွေ့ခဲကြုံခဲတဲ့၊ အထက် စတုမဟာရာဇ်နတ်များတောင် တွေ့ရလို့ ဝမ်းသာသရှင့်။ ဝမ်းနည်းတာက ကျွန်မ မုဆိုးမ အပူသည်ကြီး ယူကယ်စောင်မနိုင်တဲ့ တန်ခိုးဣဒ္ဓိပါတ် ရှိပါလျက်သားနှင့် မစောင်မ မနေနိုင်ကြပေရဲ့လို့ တွေးပြီး ဝမ်းနည်းသရှင့်။

**နတ်။** ။ မဟုတ်ပါဘူး ငါ့နှမမှာ ဘာများစိုးရိမ်ပူပန်စရာ သည်လောက်များလို့ စိတ်ညစ်ရတာတုံးဗျ။

**မောရာဝတီ။** ။ ဩော်...စိတ်ညစ်ဆို သည်လိုပါရှင့်။ ကျွန်မတို့ သားအမိတွေမှာ အုပ်ချုပ်သူ လင်ကွဲကွာသွားကတည်းက အမိမျက်နှာငယ်သကိုးလို့။ ဟိုတစ်ကျွန်း တစ်နိုင်ငံသွားပြီး ဘာထွေးရှာဖို့ သားကြီးသုံးဦးကို လွှတ်လိုက်ရတာ အတွက်က နေရာမှကျပါ့မလားလို့ အောက်မေ့လွမ်းဆွတ်ရတာက တစ်ဖက်။ ဟယ်... သားကြီးတွေ မရှိသေးခိုက်ပေတဲ့ မြေးကလေးတွေနှင့် ပျော်ပျော်ပါးပါးနေမဟဲ့လို့ အားခဲပါတယ်။ မြေးကလေးတွေမှာလည်း ပညာဘက်က ယူနိဗာစိတီ အက်ဥပဒေကြီး စည်းကြပ်လာပြန်လို့ အလွန်တရာမှ ကျပ်တည်းရှာသည့်အတွက် ကျောင်းကထွက်ပြီး

mgyoe.com

mgyoe.com


မိမိကိုယ်ကို ကောင်းစွာ မတိမ်းမစောင်းကြရအောင် အချင်းချင်းညီညွတ်လို့ အားကိုးရာမဲ့ နေကြရှာတာတွေ သနားလွန်းလို့ ရှင့်။

**နတ်။** ။ နေပါဦး... ဘယ့်နှယ် ယူနီဗာစီတီ ဥပဒေတဲ့၊ မင်းတို့ လူ့ပြည်ပဲ အမှုပွေလှပါတယ်။ မောင်ကြီးနတ်တို့ဖြင့် နားမလည်ပေါင်ကွယ်။ သို့သည်ဥပဒေကျပ်ပုံကို ငါ့နှမကြီးက မြေးကလေးတွေ မေးမကြည့်ဘူးလား။

**မောရာဝတီ။** ။ မေးကြည့်ရုံမကပါဘူး ရှင့်၊ နေ့တိုင်းပဲ စားရေးသောက်ရေး ကြည့်ရှုစောင့်မနေရပါတယ်။

**နတ်။** ။ မြေးကလေးတွေ မေးကြည့်လို့ရှိလျှင်ဖြင့် သည်ယူနီဘာစီတီအတွက် ပညာဘက်က ကျပ်တည်းပုံကို အလုံးစုံ သိစမ်းချင်လှ နှမရယ်။

**မောရာဝတီ။** ။ သည်ယူနီဗာစီတီ ဥပဒေဆိုတာတော့ဖြင့် အကျယ်ကြီးပဲရှင့်၊ သို့ရာတွင် အရေးကြီးတဲ့အချက်ကို အကျဉ်းအားဖြင့် သိဖို့ဆိုတော့ (၁) မြန်မာပြည်မှာ ကောလိပ်ကျောင်း အများမရှိရ။ ရန်ကုန်မြို့မှာ တစ်ကျောင်းသာရှိရမတဲ့ရှင်။ (၂) ၁၁ တန်းအောင်မှ ကောလိပ်ကို ဝင်ရမည်။ (၃) ဘီအေကို ရိုးရိုးရှင်းရှင်း အောင်ရုံမျှနှင့် အမ်–အေကို မဝင်ရ၊ ဂုဏ်ထူးနှင့်အောင်မှ ဝင်ရမည်။ (၄) ၎င်းဂုဏ်ထူးရရင်လည်း တစ်ကြိမ်သာ ဝင်ခွင့်ရှိသည်တဲ့ ရှင့်။ ရှေးကကဲ့သို့ မဟုတ်ဘဲ။ အလွတ်ပညာနှင့် အိုင်–အေ–ဘီ–အေကို မဝင်ရဘူးတဲ့ရှင့်။ အဲဒါလောက်ကိုပဲ အကျဉ်းအားဖြင့် မှတ်သားခဲ့မိပါတယ်။ သည့်အပြင် အပုံကြီးများပါတယ်။

**နတ်။** ။ သြော်...သည်လောက်တောင် ကျပ်ကျပ်တည်းတည်း သင်ရလို့တတ်တော့ ဘာများ အကျိုးထူးပါသတဲ့လဲ နှမရဲ့။

**မောရာဝတီ။** ။ သည်ဟာတွေကို သူတို့ ပညတ်သလို ငွေတွေ များများကြီး အကုန်အကျခံပြီး သင်လို့တတ်တော့ လခစား အရာရှိ အထူးအလုပ်ကလေး ခန့်ပြီး၊ ခိုင်းဖို့... ကူလီပညာပေါ့ မောင်ကြီးနတ်ရဲ့ အကျိုးတော့ သည့်ပြင်က ကြီးပွားဖို့လည်း ခပ်ခက်ခက်ပါ။

**နတ်။** ။ အင်း...ဒါဖြင့် ကျောင်းသားကလေးတွေ ယခုထွက်ပြီးလာကြတဲ့ဟာ သေသေချာချာ စဉ်းစားတော့ သူတို့ဟာ အထွက်ကောင်းပေါ့ နှမရဲ့။ သည်လောက်နှစ်ရှည်လများ ငွေကုန်ကြေးကျခံပြီး သင်ရပြီးတော့ ကုန်ထားတဲ့ငွေလောက် ပြန်ခုမိဖို့တောင် အခက်သားပဲ။ သည်တော့ သူတို့ခိုင်းဖို့ ကူလီပညာကိုတတ်ချင်တတ် မတတ်ချင်နေ၊ မိမိနိုင်ငံ အမျိုးသားကြီးပွားဖို့၊ တစ်တိုင်း တစ်နိုင်ငံသားများနှင့် ဖောက်ကား

mgyoe.com

mgyoe.com


ရောင်းဝယ် ဆက်သွယ်ကူးသန်းနိုင်ဖို့ ဤမှုလောက် အသုံးချနိုင်လျှင် တော်ရောပေါ့။

**မောရာဝတီ။** ။ သည်လို သဘောထားလို့ အမျိုးသားများ ပညာသင်ကျောင်းကြီး ကို ဆောက်လုပ်တည်ထောင်ရေးအတွက် ရုတ်တရက် အထမြောက် နိုင်ဖို့အကြောင်းကို စိုးရိမ်ပူပန်နေတာပဲ ရှင့်။ သို့သော် သည်အကြောင်းတွင်မကသေး၊ ဟိုတစ်ပြည် တစ်နိုင်ငံကိုတောင် သွားတဲ့ သားကြီးများအတွက်ကလည်း အကြံအစည် အောင်မြင်မှ အောင်မြင်ပါ့မလားလို့ စိုးရိမ်ရတာက တစ်မျိုး။ ဒါတွေကြောင့် ကျွန်မဖြင့် ရတနာသုံးပါး ယုံကြည်အားထားပြီး များများကြီး ဆုတောင်းနေတာပဲ ရှင့်။

**နတ်။** ။ သာဓု...သာဓု...သာဓု၊ ရတနာသုံးပါးကို ဆည်းကပ်တယ်ဆိုတာကတော့ အကောင်းဆုံး အလုပ်ကလား နှမရယ်။ ဓမ္မောဟဝေရက္ခတိ ဓမ္မစာရိတဲ့။ တရားကိုစောင့်သောသူအား တရားကပြန်ပြီး စောင့်သနော် ကြားလား။ ဟော... ငါ့နှမ ယခု စောင့်ထိန်းနေတဲ့ ကိုးပါးသီလခေါ်တဲ့ နဝင်္ဂသီလဟာ ရှေးက စကြာမင်းကြီးများ စောင့်ထိန်းတဲ့ သီလဗျ၊ အဲ...ထို သီလ အာစရကြောင့် စကြာရတနာကြီးများ လျင်စွာ ရောက်စေနိုင်တယ်။ ဘာကြောင့် မျက်မှောက်ထင်ထင် အာနိသင်ထူးပါသလဲဆိုတော့ ကိုးပါးသီလဆိုတာ ယခု လူတို့များသောအားဖြင့် စောင့်သုံးကြသော ရှစ်ပါးသီလမှာ (မေတ္တာသဟဂ တေန စေတသာသဗ္ဗ ပါကဘူတေသူဟရိက္ခာ (ဝိဟရန် သမာဓိယာမိ) ဆို၍ အင်္ဂါတစ်ပါးကို ထည့်လိုက်တော့ အင်္ဂါကိုးပါးဖြစ်တာကိုး၊ ထို့ကြောင့် နဝင်္ဂသီလ လို့ ခေါ်တယ်။ ထို သီလသည် မေတ္တာစိတ်နှင့်တကွ ပျံ့နှံ့နေခြင်းဟု ဆိုအပ်သော ဗြဟ္မစရိယသိက္ခာပုဒ်တစ်ပါးက အလွန်အကျိုးရှိပေတယ် နှမရဲ့။

**မောရာဝတီ။** ။ ကျွန်မတော့ နဝင်္ဂသီလကို အမြဲ စောင့်ရှောက်ပါတယ် မောင်ကြီး နတ်ကယ်။ ထိုနဝင်္ဂ သီလကို မြဲရုံတွင်မျှ မကသေးပါဘူးရှင့်။ အထက်မြန်မာပြည်မှာလည်း ရှေးမင်း အဆက်ဆက်တို့ ကောင်းမှုကုသိုလ်ကြီးတွေ ပြုတော်မူခဲ့ကြသော ဘုရားတန်ခိုးကြီးတွေဆိုတာ အတော်နှံ့အောင်ပဲ ဖူးမြော်ခဲ့ပါပြီ။ အောက်မြန်မာနိုင်ငံတော်မှာလည်း အတော်ပင် များစွာ ဖူးခဲ့ပါပြီ၊ တန်ခိုးကြီးဘုရားထဲ က ကျွန်မ မဖူးဘူးတာဟာ အောက်မြန်မာနိုင်ငံမှာ တစ်ဆူတော့ ကျန်သေးသရှင့်။

**နတ်။** ။ အောက် မြန်မာနိုင်ငံမှာ တန်ခိုးကြီးဘုရားထဲက ဘယ်ဘုရားများ ကျန် သေးသလဲ နှမရဲ့၊ ယခုနှစ်မှ ဆည်းကပ်ပြီး ဖူးမြော်နေတဲ့ ရွှေတိဂုံကိုယ်တော် ကြီးထက် တန်ခိုးထူး၍ ကြီးပါဦးမလား။

**မောရာဝတီ။** ။ ရွှေတိဂုံကိုယ်တော်ကြီးထက် တန်ခိုးထူး၍တော့ မကြီးပါဘူး မောင်

mgyoe.com

mgyoe.com


ကြီး နတ်ကယ်၊ သို့ရာတွင် မဖူးဘူးတဲ့ ဘုရားဆိုတော့ အာရုံ တစ်မျိုး ပြောင်းသကိုး ရှင့်၊ သို့မို့ကြောင့် မဖူးဘူးတဲ့ ဘုရားကို ဖူးချင်သရှင့်။ မဖူးဘူးတဲ့ ဘုရားမှာတော့ တခြားမဟုတ်ပါဘူး၊ မြတ်စွာဘုရား ဆံတော်ဓာတ်မြတ်ကို တိဿရှင် ရသေ့ကြီးသည် မိမိဦးခေါင်းနှင့်တူသော ကျောက်လုံးတွင် ဌာပနာလျက် စေတီတည် တော်မူထားသော ကျိုက်ထီးရိုး မြတ်စွာဘုရားတစ်ဆူ ကျန်သေးသရှင့်။

**နတ်။** ။ သြော်...ကျိုက်ထီးရိုးဘုရား သွားဖူးဖို့ဟာ ဘယ်လောက်များ ခဲယဉ်းလို့ မရောက်နိုင်သလဲ နှမရဲ့။

**မောရာဝတီ။** ။ ကျိုက်ထီးရိုး မြတ်စွာဘုရားဆိုတာ တောင်တွေ အထပ်ထပ်ကာရံ လျက် သွားရောက်ရန် အလွန်တရာမှ ခဲယဉ်းတယ်လို့ ပြောသံကြား ရဖူးသရှင့်။ ဒါကြောင့် မရောက်နိုင်တာပါ။

**နတ်။** ။ အင်း...ကျိုက်ထီးရိုးစေတီတော်ဆိုတာ မြတ်စွာဘုရား ဆံတော်ဓာတ်တော် ကို ဌာပနာ၍ တည်တဲ့ဘုရားပဲ၊ ယခု ငါ့နှမ ဆည်းကပ်အာရုံပြုနေတဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးဟာလည်း ယခုမြတ်စွာဘုရား ဆံတော်ဓာတ်တော်မြတ်တွင် မက ရှေးဘုရားသုံးဆူတို့၏ ဓမ္မကရိုဏ်၊ ရေသနုပ်တော်၊ တောင်ဝှေးတော်များပါ ဌာပနာထားတာပဲ။ သို့ရာတွင် ကျိုက်ထီးရိုး မြတ်စွာဘုရားက မြန်မာနိုင်ငံတော်မှာ အထူးအံ့သြဖွယ်ကောင်းတဲ့ အချက်က ရှိပေတယ် နှမရဲ့။

**မောရာဝတီ။** ။ အလို...အံ့သြဖွယ်အချက်ကို ပြက်ပြက်ထင်ထင် မိန့်တော်မူစမ်းပါ ရှင် ကြည်ညိုပါရစေ။

**နတ်။** ။ ကျိုက်ထီးရိုး မြတ်စွာဘုရား စေတီတော် အံ့သြဖွယ် ကောင်းပုံက တောင်ယံ ကျောက်ကမ်းပါးအစွန်းမှာ အိမ်ငယ်ပမာမျှရှိသော လူ၏ဦးခေါင်းနှင့် ခပ်ဆင်ဆင်တူ သော ကျောက်လုံးကြီးပေါ်မှာ အမြင့်ဉာဏ်တော် ၁၅ ပေ ရှိသော ကျောက်စေတီတည် လျက် ရှေးအခါက အောက်ကခံသော ကျောက်တောင်စွန်းနှင့်မထိဘဲ ကြက်မတစ်ဝပ် ခန့်ကွာလျက် ကောင်းကင်မှာ ပန်းဆိုင်ဆွဲဘိသကဲ့သို့ တည်တယ်။ ယခုအခါမှာ အောက်ခံကျောက်ကြီးနှင့် ၎င်းကျောက်လုံးကြီးဟာ အစွန်းချင်း ထိရုံကလေးရှိတယ်။ လက်နှင့်တွန်းလိုက်လျှင်၊ လှုပ်ရှားလျက် ရှိတယ်။ အမြင်အားဖြင့်တော့ နည်းနည်း ကလေးများ လှုပ်လိုက်လျှင် လိမ့်ကျတော့မလို တဲတဲကလေးရယ်။ သို့ပေတဲ့ ကာလ ဖြင့် ရှည်လှပြီ။ တစ်စုံတစ်ရာ ပျက်စီးနိုင်သည်ဟု မရှိနိုင်ဘူး။ မြန်မာနိုင်ငံမှာ ငလျင်ကြီး စွာ လှုပ်ခဲ့တာတွေလည်း များလှပြီ၊ ယမန်နှစ်က ပဲခူးမြို့ ရွှေမော်ဓောစေတီကြီးဟာ

mgyoe.com

mgyoe.com


အုတ်ကျောက် အင်္ဂတေတို့ဖြင့် ရှေးမင်းအဆက်ဆက်က ခိုင်ခံ့စွာ လုပ်ခဲ့တာ မဟုတ်လား။ ဒါတောင်ခေါင်းလောင်းပုံအထက်က ပြတ်ကျရသေးတယ်။ ဘယ်အင်္ဂတေမှ အဆက်အတွယ်မရှိတဲ့ ကျိုက်ထီးရိုးဘုရားသည် တစ်စုံတစ်ရာ ဘာမျှမဖြစ်ဘူး၊ အလွန် အံ့သြဖွယ် ကောင်းတာကလား။ ဆုတောင်းလည်း အလွန်ပြည့်တယ် နှမရဲ့။

**မောရာဝတီ။** ။ ကြည်ညိုဖွယ် ကောင်းဘိရှင်။ မောင်ကြီးနတ် အမိန့်ရှိတာကြားတာ နှင့်သာ၍ပင် ဖူးမြော်ချင်တဲ့ ဆန္ဒအာသာကြီး ဖြစ်ပေါ်လာပြန်တာပဲ ရှင့်၊ ကေန္တသည် ဘုရားဖူးရလျှင် ကျွန်မကြဲတိုင်း ဆုတောင်းပြည့်လိမ့်မည်လို့ ထင်တာပဲ ရှင့်။

**နတ်။** ။ အင်း…ဆုတောင်းတော့ ပြည့်ပါလိမ့်မယ်၊ ဘာပြုလို့ပါလဲဆိုတော့ ဤကမ္ဘာ ပေါ်မှာရှိသော စေတီတော်များ ဘုရားတစ်ဆူတည်းက ဆံတော်ဓာတ်တော် မွေတော်တို့ကို ဌာပနာ၍ တည်ထားကြသဖြင့် တန်ခိုးတော်ကတော့ အတူတူပဲ၊ သို့ရာတွင် ဖူးမြော်သော ပုဂ္ဂိုလ်တို့၏ သဒ္ဓါစေတနာက အံ့သြဖွယ်ကြီး တစ်ခုခုမြင်နေရတော့ ထက်သန်သောသဒ္ဓါ ဖြစ်လာတယ်။ အကျိုးပေးတော့ စေတနာသဒ္ဓါကမှ အကျိုးပေး တာကိုး နှမရဲ့။ ထို့ကြောင့် စေတနာ သဒ္ဓါတရား ထက်သန်အောင်သာ အာရုံပြုရမှာ ကိုး။ ကုသိုလ်ဆိုတာ အသစ်အသစ်သော သဒ္ဓါ စေတနာပွားအောင် ကြံဆောင်လုံ့လ ပြုရမယ်။ နောက်က ကုသိုလ်ဟောင်း ကလေးကိုမှီပြီး လောကမှာ ခေတ္တခဏ အကျိုး ပေးပြီး အသစ်ကုသိုလ်မရှိတော့ နောင်သံသရာမှာ ခက်တတ်တယ် နှမရဲ့။

**မောရာဝတီ။** ။ ဟုတ်လှပါတယ် မောင်ကြီးနတ်ကယ်။ လောကမှာ နောက်က ကုသိုလ် ကံကြွင်းတရားကလေး အခိုက်အလှည့်သင့်လို့ ထောက်ပံ့ တာနှင့် သူဌေးကြီး သူကြွယ်ကြီး၊ မင်းကြီး၊ စိုးကြီး ဖြစ်ရလျှင်ပဲ ငါတန်ခိုးရှိတယ်၊ ငါအာဏာရှိတယ်၊ ငါပြုလျှင် ဘယ်သူမျှ မခံနိုင်ဘူးလို့ မာန်မာနတွေ တက်ကြွပြီး တစ်ဖက်သားအပေါ် တရားနှင့်မညီ ပြုလုပ်ကြရော။ အတော်ကြာ ကိုယ့်အမှုဟာ ကိုယ့်ပြန်ပြီး မကောင်းကျိုးပေးမြဲပဲ ရှင့်နော်။

**နတ်။** ။ အင်း…ဒါလိုချည်း မှတ်ထားပေတော့၊ မည်သည့်အရပ် ဌာနမျိုးမဆို အချုပ် အခုပ်လုပ်တဲ့ ပုဂ္ဂိုလ်ဟာ မင်းပဲ။ ထိုမင်းဟုခေါ်သော ပုဂ္ဂိုလ်တို့သည် မင်းကျင့်တရား ၁၀ ပါးရှိတယ်။ (ဒါနံ၊ သီလံ၊ ပရိစာဂံ၊ အဇ္ဇဝံ၊ မဒ္ဒဝံ။ တပ္ပံ။ အကောဓံ၊ အဝိဟိံသဉ္စ။ ခန္တိ၊ အဝိရောဓနံ)လို့ ပြတယ်။ ထိုမင်းကျင့်တရားမှာ အဝိရောဓနံ–ဆိုတာ မင်းများသည် ပြည်သူတို့နှင့် ဆန့်ကျင်ဘက် မပြုရဘူးလို့ ဘုရား

mgyoe.com

mgyoe.com


ဟောတော်မူတယ်။ မည်သည့်မင်းမဆို ပြည်သူနှင့် ဆန့်ကျင်ဘက်ပြုလျှင် တိုင်းပြည် ဆူဆူပူပူဖြစ်တော့ အုပ်ချုပ်ခြင်း ညံ့ရာရောက်တာပဲ နှမရဲ့။

**မောရာဝတီ။** ။ သို့သော် မောင်ကြီးနတ်။ ယခု ကျွန်မတို့ ကြံစည်သည့်အတိုင်းမှ စ၍ အစစ လိုရာဆုကိုတောင်းလို့ လျှင်စွာပြည့်ရန် တန်ခိုးကြီးဘုရားများဖူးချင်တဲ့ ဆန္ဒအာသာအတိုင်း၊ ကျိုက်ထီးရိုးစေတီ မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ဖို့ရန် ကျွန်မအား သနားသဖြင့် တစ်ဆိတ်လောက် စောင်မတော်မူပါဦး ရှင့်။

**နတ်။** ။ လျော်ကန်လှပြီ၊ သို့ရာတွင် နှမသယ်သနားသလောက် ကလေးကို ဘုရားအရောက် စောင့်ကြပ် မှိုင်းမနိုင်ရန် မောင်ကြီးတို့မှာ အချိန်မရဘူး။မိမိတာဝန်ထက် အချိန်ပို၍ လစ်လပ်ပြီလားဆို အထက်နတ်မင်းကြီးများ မျက်တော်မူမှာကြောက်ရတယ်။ ဒါကြောင့် လူ့ပြည်မှာရှိတဲ့ အောက်နတ်ထဲက မောင်ကြီးနတ် အရေးလွှဲထားခဲ့မယ်။

**မောရာဝတီ။** ။ ယခု လူ့ပြည်မှာရှိတဲ့ အောက်နတ်ဆိုလျှင်ဖြင့် သည်အနီးအနားမှာရှိတာ ဆူးလေနတ်ကြီးတို့၊ ဗိုလ်တထောင် နတ်ကြီး၊ မှော်ဘီနတ်ကြီး၊ သံလျင်နတ်၊ ဣန္ဒက... စသော နတ်မင်းတွေလား ရှင့်။

**နတ်။** ။ သည်နတ်တွေက တန်ခိုးရှိ၍ စောင်မနိုင်ပါရဲ့၊ သို့ပေတဲ့ ဆူးလေ၊ ဗိုလ်တထောင်၊ မှော်ဘီ သည်နတ်ကြီးများဟာ ယခုအခါ တိုင်းရေးပြည်ရေးဘက်က အတော်အလုပ်များနေရှာတယ်၊ ဒီတော့ သူတို့ခေါ်ပြီးခိုင်းလျှင် မြွေပူရာ ကင်းမှောင့်ဆိုသလို ဒုက္ခရှာရမလားလို့ နတ်အဘိုးကြီးတွေ စိတ်တိုပြီး တော်ရာရော်ရာ လမ်းလွဲများပို့ထားလို့ ငါ့နှမ အခက်ကြီး ဖြစ်နေပါဦးမယ်။

**မောရာဝတီ။** ။ အမယ်လေး...ဒါဖြင့်၊ လျော်ကန်မည့် နတ်တစ်ပါးပါးကို အမိန့်ရှိပေးပါ မောင်ကြီးနတ်ကယ်။ သည်အဘိုးကြီးတွေ ကြောက်လှပါတယ်။

**နတ်။** ။ လျော်ကန်လှပြီ။ ငါ့နှမ ယခု ကျိုက်ထီးရိုးဘုရားသွားရန် ကိစ္စလည်းဖြစ်တယ်။ သို့အတွက် ကျိုက်ထီးရိုးတောင်ခြေ၊ ကင်ပွန်းစခန်းစောင့်နတ်၊ ဘိုးဘိုးကြီးဆိုတာ မောင်ကြီး ခေါ်ပေးရတာပ။ မကြာရဘူး နှမရေ၊ ၅ မိနစ်လောက် ခေတ္တဆိုင်းလိုက်ဦးဟု ဆို၍ လောကပါလမစ္စ နတ်သားသည် နတ်အမိန့်နှင့် ခေါ်၍ ဘိုးဘိုးကြီး ရောက်စေ။ ။

mgyoe.com

mgyoe.com


ရယ်ရွှင်ဖွယ်

**လောကပါလမစ္စ။** ။ဩော်... ကင်မွန်းစခန်းစောင့် ဘိုးဘိုးကြီးနတ်မင်း မှတ်တယ် ဗျ။ ။

**ဘိုးဘိုး။** ။မှန်လှပါသည်၊ နတ်မင်း ခေါ်တော်မူတယ်ဆိုလို့ အလျင်အမြန် ပြေးလာခဲ့။ မောလိုက်တာ နတ်မင်း။ ။

**နတ်။** ။အင်း...အိုလည်း အိုပေမှကိုးဗျ။ မောမှာပ၊ သို့တောင်ခြေမှာ စောင့်ရှောက် နေထိုင်ရတာ ဘောဇန သပ္ပါယမှစ၍ ပြည့်ပြည့်စုံစုံ မှုမှုတတများရှိပါလျက် လား ဘိုးဘိုးကြီးရဲ့။

**ဘိုးဘိုး။** ။မှန်ပါ ဘောဇနသပ္ပါယဆိုတာက၊ နွေအခါတော့ ပေါများပါရဲ့ ရှင်နတ်မင်း။ မိုးအခါကျပြီဆိုမှဖြင့် ဘုရားဖူးများကလည်း အသွားအလာ အတော်ပြတ် လပ်လို့ တစ်ခါတစ်ခါ အလျင်မမီလှဘူးဗျ။ နတ်ပဲဖြစ်ရပေတယ်လို့... ရှင်နတ်မင်းတို့တော့... နတ်ဩဇာတွေကို သုံးဆောင်နေရတော့ ကိုယ်ရောင်ကိုယ်ဝါ တွေနှင့် တင့်တယ်ပါပေတယ်။ ကျွန်တော်တို့ အောက်နတ်တွေမတော့ လူများက တင်တဲ့မြှောက်တဲ့ လူဩဇာတွေ စားနေရတော့ ဘယ်မှာလိုတိုင်းရမလဲ၊ ကိုယ်ရောင် ကိုယ်ဝါဆိုတာမလဲ မှန်စီဆရာများက စောင်မမှ ကိုယ်ရောင် တောက်တာကလား နတ်မင်းရဲ့။ ။

**လောကနတ်။** ။အင်း...မတော်တာတွေ လျှောက်ပြောတော့မယ် အဘိုးကြီးကဖြင့်၊ အသက်ကြီးလှပြီနော်။ တရားဘက်ကို ကျပ်ကျပ်လိုက်။ ယခုအခါ ဗုဒ္ဓုပ္ပါဒနဝမ ခေတ်ကြီးထဲမှာ ဖြစ်ရတယ်ဆိုတာ။ အလွန်တရာမှ အဖိုးတန်တာ၊ သာသနာပအခါမှာ များစွာစွန့်ကြဲ၍ တစ်သက်ပတ်လုံး ဒါနကို ပြုတာဟာ သာသနာ တော်တွင်းမှာ သစ်သီးတစ်လုံး ပန်းတစ်ပွင့် တစ်ထပ်စာ ဆွမ်းလှူရသောအကျိုးကို မမီနိုင်ဘူးလို့ ဘုရားဟောတယ်။ တခြားကို မကြည့်နဲ့၊ တာဝတိံသာနတ်ပြည်မှာ အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့ ခြားနားပုံကြည့်ဗျား။

**ဘိုးဘိုး ။** ။အမိန့်ရှိစမ်းပါဦး နတ်မင်း၊ တာဝတိံသာမှာ အင်္ကုရနတ်သားနှင့် ဣန္ဒက နတ်သားတို့... ဘယ်ပုံခြားနားသလဲလို့။

**လောကနတ်။** ။အင်း... ပြောရဦးမှာပေါ့လေ။ ကဲ... မောရာဝတီ ချစ်နှမကြီးက ခေတ္တသည်းခံလိုက်ပါဦးကွယ်၊ မောင်ကြီးနတ် မပြန်ခင် သည် အဘိုးကြီး တရားကလေး နည်းနည်းဟောခဲ့ချင်လို့။

mgyoe.com

mgyoe.com


**မောရာဝတီ။** ။ ဟောစမ်းပါရှင်၊ ကျွန်မလည်း နာပါရစေ။ ကျွန်မက အလျင် မလိုပါဘူး ရှင့်။

**လောကနတ်။** ။ အင်္ကုရနတ်နဲ့ ဣန္ဒကနတ်အကြောင်းက... သည်လိုကိုးဗျ။ အင်္ကုရနတ်ဆိုတာက မြတ်စွာဘုရားမပွင့်မီ ဟိုအနှစ်တစ်သောင်းတမ်း လောက်က ဝါသုဒေဝ ဗလဒေဝ စသော ဒသဘာတိက ညီနောင်တစ်ကျိပ်မှာ အငယ်ဆုံးပေါ့။ ထိုမင်းညီနောင် တစ်ကျိပ်တို့ဟာ အလွန်တရာ ခွန်အားစွမ်းပကားနဲ့ ပြည့်စုံကြလို့ ဇမ္ဗူဒီပါ တစ်ကျွန်းလုံးကို တိုက်ခိုက်ပြီး မင်းပြုကြတော့ ညီအငယ်ဆုံး အင်္ကုရမင်းသားက မင်းမပြုဘဲ ကုန်သည်ကြီးလုပ်ပြီး လှည်းများနဲ့ ထိုထိုမြို့သို့ လှည့်လည်ကုန်သွားနေတော့ ရှေ့ဘဝက မိမိပြုစုခဲ့ဖူးတဲ့ ကျေးဇူးရှိသော ပုဂ္ဂိုလ်တစ်ဦးကလည်း တန်ခိုးကြီးတဲ့ရုက္ခစိုးနတ်ဖြစ်နေတာ သွားတွေ့လို့၊ ရွှေငွေကျောက်သံပတ္တမြားစသော ရတနာတွေကို လှည်း ၅၀၀ မှာ အပြည့်တင်ပြီး ပေးလိုက်တယ်။ အဲသည် အင်္ကုရမင်းသားများ အလှူကြီးပြုပုံတွေ ကြီးကျယ်ကြောင်းကို မြတ်စွာဘုရား ဟောတော်မူတဲ့ ပေတဝတ္ထု၊ ပါဠိတော်လာ ဂါထာမှာ (သဋ္ဌိဝါဟသဟဿနိ။ သာလီတဏ္ဍုလ ပူရိတာ)စသည်ဖြင့် ရှည်လှပါသလေ၊ မြန်မာလိုပဲ ပြောပါရစေတော့။ အင်္ကုရမင်းသားအလှူ၌ တစ်နေ့...တစ်နေ့ကို၊ သလေးဆန် လှည်းအစီးပေါင်း ခြောက်သောင်း ခြောက်သောင်းကုန်တယ်။ စားဖိုသည် ခေါင်လူကြီးပေါင်း သုံးထောင်ရှိသဗျ၊ ထင်းရေ စသည်တို့လုပ်ကိုင်တဲ့ လုလင်ပျိုပေါင်း ခြောက်သောင်းရှိတယ်။ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆားစသည်တို့ဖြင့် ဟင်းလျာစီရင်တဲ့ သတို့သမီးပေါင်း တစ်သောင်းခြောက်ထောင်ရှိတယ်။ ဇွန်း၊ ယောက်မကိုင်ပြီး ထမင်းဟင်းလိုက်တဲ့ မိန်းမပျိုပေါင်း တစ်သောင်းခြောက်ထောင်ရှိတယ်။ သည်ဟာ စားဖွယ်အလှူကိုသာ ဆိုလိုက်သေးတယ်။ ထိုမှတစ်ပါး၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ အဝတ်အစားတွေကို လှူတာတွေလည်း အပုံပဲ ရှိသေးတယ်။ ထိုကဲ့သို့ အသက်ထက်ဆုံး ပေးလှူပြီး သေသည့်နောက် တာဝတိံသာ နတ်ပြည်မှာ အင်္ကုရနတ်သားရယ်လို့ ဖြစ်ရတယ်။

ဣန္ဒကနတ်သားဆိုတာက မြတ်စွာဘုရား ပွင့်တော်မူပြီးသောအခါ သာသနာတော်တွင်း၌ ဘုရားညီတော် ရှင်အနုရုဒ္ဓါ ဆွမ်းခံရာမှာ တစ်ထပ်စာ ဆွမ်းကလေး လှူဖူးတာနဲ့ တာဝတိံသာနတ်ပြည်မှာ အင်္ကုရနတ်သားထက် တန်ခိုးကြီးသောနတ်သား ဖြစ်ရတယ်။ မြတ်စွာဘုရားသည် မယ်တော်မိနတ်သားကို အဘိဓမ္မာတရားဖြင့် ကျေးဇူးတော်ဆပ်ရန် တာဝတိံသာနတ်ပြည်သို့ ကြွလာပြီး ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌

mgyoe.com

mgyoe.com


သီတင်းသုံးတော်မူတော့ စကြဝဠာတစ်သောင်းက တန်ခိုးကြီးတဲ့နတ်ဗြဟ္မာတွေ လာကြတဲ့အခါ၊ ဣန္ဒကနတ်သားက မြတ်စွာဘုရား အပါးတော်က မခွာဘဲ နေနိုင်တယ်တဲ့။ အင်္ကုရနတ်မှာ တန်ခိုးကြီးတဲ့နတ်တွေ လာတိုင်း ဆုတ်ဆုတ်ပေးရလို့ မြတ်စွာဘုရားနဲ့ ၁၂ ယူဇနာ ကွာဝေးလျက် နေရတယ်တဲ့။

အဲ...ဤနတ်သား နှစ်ယောက်ကို သက်သေပြုပြီးတော့မှ မြတ်စွာဘုရားသခင်က (ဝိစေယျဒါနံဒါတဗ္ဗံ ပယတ္တာဒိန္နံ မဟပ္ဖလံ။ ဝိစေယျဒါနံသုဂတပ္ပသင်္ဃယေ။ ဒက္ခိဏေယျာ)၊ အနက်။ ဂိစေယျဒါနံ၊ အလှူခံမြတ်၊ ရွေးချယ်လတ်၍ ဒါနံ၊ အလှူကို ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ယတ္တပဋိပ္ပါဟကေ၊ အကြင်မြတ်သော အလှူခံပုဂ္ဂိုလ်၌ ဒါနံ၊ ပေးအပ်သော အလှူသည် မဟပ္ဖလံ၊ ကြီးသောအကျိုး ရှိ၏။ ဝိစေယျဒါနံ၊ မြတ်ထက်မြတ်ရာ၊ ရွေးချယ်ရှာ၍၊ သဒ္ဓါကြည်ဖြူ ပေးလှူသော ဒါနသည် သုဂတံသင်္ဃ၊ ဘုရားမြတ်စွာ၊ အရိယာတို့၊ လွန်စွာချီးမွမ်းတော် မူအပ်၏... စသည်ဖြင့်... ဟောတော်မူတယ်။ ကဲ...သည်လောက်ဟော ရိပ်မိရောပေါ့။ ခပ်ကျဉ်းကျဉ်း ပြောရမှာဖြင့် ယခုသာသနာတော်တွင်းမှာ ဆွမ်းတစ်ထပ်စာ လှူရတဲ့ အကျိုးပင် အကျိုးအတိုင်းမသိပေးနိုင်တယ် ဘိုးဘိုးကြီးရဲ့၊ ဒါကြောင့် ယခုသာသနာတော်တွင်းမှာ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် အလွန်တရာ ကုသိုလ်ကောင်းမှုကို အားတက်သရော ပြုလုပ်ဖို့ ကောင်းကြသနော်... မှတ်မိရဲ့လား ဘိုးဘိုးကြီးရဲ့။

**ဘိုးဘိုး ။** ။ မှတ်သားမိပါတယ် နတ်မင်း။ အလွန်တရာပဲ ကုသိုလ်ကောင်းမှုကို အားထုတ်ချင်တဲ့စိတ်များ ထက်သန်လာပါတယ်။ ဒါနသီလဆိုတာလည်း တတ်အားရှိသရွေ့ ကြိုးစားပါတယ်။ မမေ့ပါဘူး နတ်မင်းရဲ့။

**မောရာဝတီ။** ။ သာဓု ရှင်၊ သာဓု...သာဓု၊ ဒါကြောင့် သူတော်ကောင်းနှင့် ပေါင်းသင်း မှီခိုရခြင်းဟာ မြတ်တယ်လို့ မင်္ဂလာတရားတော်၌ ဟောတော်မူတာပဲ၊ သူတော်ကောင်းများကို ၁ နာရီ တစ်ဗီဇနာမျှ တွေ့ရတာပင် အကျိုးအတိုင်းမသိခံစားရပါပေတယ်။

**လောကနတ်။** ။ လူလိမ္မာ ပညာရှိဆိုတာ တောင်ဇလပ်ပန်းများနဲ့ တူတယ်၊ သူယုတ်သူမိုက်များဟာ မစင်ဘင်ပုပ်နဲ့ တူတယ်။ တောင်ဇလပ်ပန်းများကို ပေါက်ဖက်နှင့် ထုပ်လိုက်သောအခါ မိမိချည်း မွှေးသောအနံ့ကို လှိုင်စေသည် မဟုတ်ဘူး၊ မိမိနှင့် ပေါင်းဖက်တဲ့ ပေါက်ဖက်ကိုလည်း ကောင်းသော ရနံ့လှိုင်စေနိုင်တယ်။ မစင်ဘင်ပုပ်များကို ပေါက်ဖက် စသည်တို့နှင့် ထုပ်လိုက်ပလားဆို၊ မိမိ

mgyoe.com

mgyoe.com


ချည်း ပုပ်တဲ့အနံ့လှိုင်တာ မဟုတ်ဘူး။ ပေါက်ဖက်မှာလည်း လူ မကိုင်ချင်အောင် နံတာ ပုပ်တာပဲ။ အဲသည် ဥပမာလိုပေါ့ နှမရဲ့။ ပညာရှိသူတော်ကောင်းများဟာ မိမိကိုယ်ကိုယ်သာ ကောင်းကျိုးစီးပွားဖြစ်ထွန်းစေသည် မဟုတ်ဘူး။ မိမိနဲ့ တွေ့ဆုံပေါင်းသင်း မှီခိုသမျှ ပုဂ္ဂိုလ်တို့ကိုလည်း ကောင်းကျိုး စီးပွား ဖြစ်ထွန်းစေတတ်တာပဲ။ လူမိုက်လူယုတ်များဟာ မိမိကိုယ်ကျိုး ကိုယ်စီးပွားကိုသာ ယုတ်စေသည် မဟုတ်သေးဘူး၊ မိမိကို ပေါင်းဖော်မှီဝဲယှဉ်တွဲတဲ့ လူများကိုလည်း ကိုယ်ကျိုးယုတ်၍ ဒုက္ခရောက်အောင် ကြံဆောင်နိုင်တာပဲ၊ ဟော...ဘိုးဘိုးကြီးတို့လို အောက်နတ်တွေဟာလည်း သတိထားဗျ။ ဘယ်လူမိုက် လူယုတ်နဲ့နီးတယ်၊ ဘယ်လို နီးသလဲဆိုလျှင် အောက်နတ်တွေဟာ လူများက ရိုရိုသေသေ တင်နိုင်၊ မြှောက်နိုင်မှ၊ မတင်မမြှောက် တစ်ခါတလေ လစ်လပ်ပလားလို့ဆိုမှဖြင့် အစိမ်းမိုက်တစ္ဆေမိုက်တွေ လက်အောက်ထားပြီး၊ ကျားနဲ့တိုက်တတ်ကဲ့၊ မြွေနှင့်တိုက်တတ်ကဲ့၊ သည်လိုအကျင့်တွေများ မလုပ်နဲ့နော်၊ အသက်ကြီးလှပြီ ဘိုးဘိုးရဲ့။

**ဘိုးဘိုး ။** ။ သည်အကျင့်အကြံတွေဟာ အရင်တုန်းကသာ လုပ်မိပါတယ် နတ်မင်းရယ်။ အခုတော့ မလုပ်ပါဘူး၊ အင်မတန် ယုတ်ယုတ်မာမာ လုပ်တဲ့လူများကိုသာ ကြောက်ရုံလန့်ရုံပြုပါတော့တယ် နတ်မင်းရဲ့။

**လောကနတ် ။** ။ အင်း...ယုတ်ယုတ်မာမာ လုပ်တဲ့လူတွေကိုတော့ ကြောက်အောင်လုပ်ရမယ်။ ဒါက သူတို့ကို အကုသိုလ်မဖြစ်အောင် တားမြစ်ရတာကိုး၊ ကောင်းပါရဲ့။

**ဘိုးဘိုး ။** ။ ယုတ်ယုတ်မာမာလုပ်ဆို၊ ဘာပြောကောင်းမလဲ နတ်မင်းရဲ့၊ ကျွန်တော်ယခု စောင့်နေတဲ့ ကျိုက်ထီးရိုးစေတီတော် မြတ်ရင်ပြင်တောင်ထိပ်မှာ ဘုရားဖူးလာကြတဲ့ လူများဟာ ကလေးတွေ၊ မိန်းမတွေ တစ်ပြုံကြီးလာပြီး တောင်ပေါ်ကျမလားဆို တည်းခိုတဲ့ဇရပ်နားမှာ ထမင်းလုံးရေတွေသွန်၊ ဘုရားရင်ပြင်တော်အနီးမှာ ကျင်ကြီးတွေ စွန့်လားစွန့်ရဲ့၊ ဒါတွေကို ဘုရားလူကြီးများကလည်း မပြောမဆိုတော့ တစ်ခါတလေ စိတ်ဆိုးပြီး ခြိမ်းခြောက်လိုက်မိတာပါပဲ။ သို့ ဒါထက် ကျွန်ုပ်ကို ခေါ်တော်မူတာက ဘယ်လိုအကြောင်းထူးများ ရှိပါသတုံး... အမိန့်ရှိတော်မူပါဗျာ။

**နတ် ။** ။ ဩော်...ဘိုးဘိုးကြီး ခေါ်တာက တခြား ဟုတ်ပါရိုးလား။ ဟောသည်ကသားမြေးအတွက် အရှိဗျာပါပွေတဲ့၊ အမိ မြန်မာပြည်ကလေး၊ တရားအထူးရအောင်သာ ဘုရားဖူးကြွရန် စခန်းချဖို့ လမ်းပြရန် ခေါ်တာကလားဗျ။

mgyoe.com

mgyoe.com


**ဘိုးဘိုး။** ။ သြော်...သည်က သူငယ်မကြီး ဘုရားဖူးသွားလို၍ လမ်းပြရမည်တဲ့၊ ဘယ်ဘုရား သွားဖူးမည်လို့ အကြံရှိပါသလဲ နတ်မင်းရဲ့။

**နတ်။** ။ သြော်...ဘိုးဘိုးကြီး ခေါ်ပါမှပဲ၊ ကျိုက်ထီးရိုးဘုရားကို ဖူးမြော်ရန်ပေါ့။ ကိုင်း... မောရာဝတီ မိန်းကလေး... ဟောသည်က ဘိုးဘိုးကြီးနတ်နဲ့အတူ သွားပေတော့၊ မောင်ကြီးလည်း စတုမဟာရာဇ်သို့ ပြန်ဦးမယ်ဗျား။

**မောရာဝတီ။** ။ သြော်...မောင်ကြီးနတ် ကြွတော်မူတော့မယ် ဆိုပါတော့၊ လွန်စွာပဲ ကျေးဇူးတင်ပါတယ် ရှင့်။ သို့ရာတွင် သုံးလီသောပဏာမဖြင့် ဂါရဝပြု လိုက်ပါရဲ့ မောင်ကြီး နတ်ကယ်။

**နတ်။** ။ သာဓုဗျာ...သာဓု...သာဓု၊ ငါ့နှမလိုရာ အကြံကို လျင်မြန်စွာ ထမြောက် ပါစေ။ ကိုင်း...ကိုင်း...ဘိုးဘိုးကြီးနတ်ကလည်း ကြည့်ရှုစောင့်ရှောက်ရစ် ပါနော်။ အရာရာ စိတ်ချရပါစေဗျာ၊ ကိုင်း...ကျွန်ုပ်ကို ခွင့်ပြုပါဦးဗျ။ (ဆို၍ ကွယ်သွားစေ)

**ဘိုးဘိုးကြီး** ။ ။ မချိတရီ တအိအိနှင့် မိမြန်မာပြည်၊ သမ္မာမညိုး တစ်ခေတ်၊ မကြာ တန်ခိုးသစ်တော့မယ့်၊ မျိုးသည်ကလေးရဲ့။

**မောရာဝတီ။** ။ ရှင်...ကျွန်မအပါးမှာ ရှိပါသည်... ဘိုးဘိုးကြီး ရှင့်။

**ဘိုးဘိုး ။** ။ ယခု ငါ့မြေးမှာ တရားအထူးလည်း အမှန်ရစေတော့လို့ မသွားဖူးတဲ့ ဆန္ဒကြောင့် ဘုရားဖူး အမြန်ကြွချင်တယ်ဆိုပါတော့။

**မောရာဝတီ။** ။ အမယ်...ဘိုးဘိုးကြီးကပေတဲ့... သုံးထပ်လင်္ကာတွေ ဘာတွေနဲ့၊ တယ်လာနေပါကလား ရှင့်။

**ဘိုးဘိုး။** ။ ကာလ အဘိုးကြီး ခေတ်ထနေတာကလား မိန်းကလေးရဲ့၊ ဘိုးဘိုးကြီး တို့ နတ်တွေအိုပေတဲ့... တယ်ကြီး ဆံပင်ဖြူခြင်း၊ ပါးရေလိပ်ခြင်းတို့ဟာ မထင်ရှားလှဘူး။ လူအဘိုးကြီးတွေဟာ အသက် ၅၀ ကျော်လို့ ၆၀ လောက်ရှိလျှင် ဆံပင်ဖြူလို့၊ သွားကျိုးလို့၊ ပါးရေနားရေတွန့်လို့၊ နံရိုးပြိုင်းပြိုင်းထလို့၊ သို့ပေတဲ့ ဥစ္စာအင်ခွင်ကလေး ပြည့်စုံလို့ ဂုဏ်ကလေးရှိပြီဆိုမှဖြင့် ကာလသားတွေထက် အဖျင်း ပြောသေးတယ်။ သားမယားယူဖို့များ မှန်းလိုက်ပြီဆိုမှဖြင့် ၁၆ နှစ်၊ ၁၇ နှစ် အရွယ် ကလေးမှ မှန်းတယ်။

**မောရာဝတီ။** ။ ဟုတ်ပါတယ်၊ ဘိုးဘိုးကြီးတို့အရွယ်၊ ကျွန်မတို့ လူပြည်က တချို့ ကာလအဘိုးကြီးတွေဟာ အသက်အရွယ် ကြီးတာကလွဲလို့၊ ဘယ်

mgyoe.com

mgyoe.com


တော့မှ သိက္ခာသမာဓိမရှိဘူး။ ဆံပင်ဖြူကလေး ဆေးဆိုးလို့၊ ကျိုးတဲ့သွား... ရွှေသွား စိုက်လို့၊ ခေါင်းပေါင်းနုနုကလေးမှ ပေါင်းချင်တယ်၊ ဗလာပုဆိုးပေတဲ့ ပန်းစင်ပုဆိုးနုနု ကလေးစည်းပြီး ခြေအိတ်အဖြူနဲ့ ဘလူးလေဘယ်ရှူးဖိနပ်အနက်နဲ့၊ ရွှေမျက်မှန်တပ်ပြီး အငြိမ့်မင်းသမီး၊ ဇာတ်မင်းသမီး၊ ချောချောကလေးတွေ တွေ့ပလားဆို၊ မတန်မဆ အကုန်ခံပြီး ကြားအောင်သွယ်တွေ အနှုးခိုင်းရဲ့။ မော်တော်ကားကြီးနဲ့ ဘုရားဖူး ခေါ်လားခေါ်ရဲ့၊ အိမ်ရှိတဲ့ အမယ်ကြီး ဂြိုဟ်ပြေ နံပြေရယ်လို့ အကွာခိုင်းရဲ့၊ ခုကာလ မိန်းမချောကလေးတွေဟာ ကာလသားရွယ်တူ သူငယ်ချင်း သည်လောက် မကြောက် ရဘူး၊ ပိုက်ဆံရှိတဲ့ သေခါနီးကြီးတွေ ကြောက်နေရတယ် ဘိုးဘိုးရဲ့။

**ဘိုးဘိုး ။ ။** ဘိုးဘိုးကြီးကတော့ နတ်လည်းဖြစ်ပြန်လို့ အိုပေတဲ့... သည်လောက် တောင် မဟုတ်ပါဘူး မြေးရယ်။ တစ်ခါတလေ မှန်နဲ့ကြည့်ပြီး သြော်... ငါ့ကိုယ်ဟာ၊ ငယ်ငယ်တုန်းကလို မဟုတ်တော့ပါပြီတကားလို့ သံဝေဂရပြီး တရား အားထုတ်ဖို့လောက် သဘောထားတာပါပဲ။

**မောရာဝတီ။ ။** ဘိုးဘိုးတို့တော့ နတ်မို့လို့ မှန်ကြည့်ပြီး တရားကျင့်ဖို့ သံဝေဂရတယ် ဆိုတာတော့ ဟုတ်ပါလိမ့်မယ်။ ကျွန်မတို့လူ အဘိုးကြီးတွေကဖြင့် မှန်တော့ နေ့တိုင်းကြည့်တာပဲ၊ ကြည့်ပေတဲ့ သူတို့တော့ သံဝေဂမရကြဘူး။ မှန်ပေါင်း ပေါင်းတဲ့ သံဝေဂ၊ တို့ဖတ်ရိုက်တဲ့ သံဝေဂတွေရပြီး...

(စကားမဆုံးခင် ဘိုးဘိုးက ဖြတ်၍) နေပါဦး...သည်တို့ဖတ်ရိုက်ဆိုတာ မိန်းကလေး များမှ ရိုက်ရမဟုတ်လားကွဲ့။

**မောရာဝတီ။ ။** မိန်းကလေးများရိုက်တဲ့ မျက်နှာချေ တို့ဖတ်က တစ်မျိုး ရှင့်။ အဘိုးကြီးတွေရိုက်တဲ့ အသားလုတဲ့ တို့ဖတ်က တစ်မျိုး ရှင့်။

**ဘိုးဘိုး ။ ။** ဟင်...တယ်ခက်ပါကလား၊ ဟုတ်ပါလေ ဘိုးဘိုးကြီး တွေ့တာလည်း ပြောလိုက်ရဦး၊ လွန်ခဲ့တဲ့ တစ်လလောက်က ကျိုက်ထီးရိုးဘုရားဖူးလာကြ တဲ့ မိန်းမ၊ ယောကျ်ားတွေ အတော်များတယ်။ သည်အထဲ အဘိုးကြီးနှစ်ယောက်လည်း ပါတယ်။ ကင်ပွန်းစခန်းဇရပ်ပေါ် ညအိပ်ကြတာကိုး၊ သည်တော့ ဘိုးဘိုးကြီး ဂူနားမှာ လည်းဖြစ်တော့ သြော်...သည်အဘိုးကြီး နှစ်ယောက်ဟာဖြင့် တရား သဘာဝတွေ မှတ်လောက်သားလောက် ပြောလိမ့်မယ်၊ တစ်ခါဖြင့် ဘုရား၊ တရားတော် တစ်စိတ် တစ်ဒေသ ကြားနာရပေရော့မယ်လို့ ဘိုးဘိုးကြီးက သူတို့ အနားက ကိုယ်ထင်မပြဘဲ နားထောင်ပြီးနေလိုက်တော့ အဘိုးကြီးတစ်ယောက်က... ကျောင်းတကာ... တယ်ပိန်

mgyoe.com

mgyoe.com


ပါကလား၊ ဆေးကောင်းများ မမီဝဲဘဲကိုလို့ဆိုတော့ အဘိုးကြီးတစ်ယောက်က ကျုပ်တော့ ရန်ကုန်မြို့ ဆေးတိုက်မှာရှိတဲ့ အားတိုးဆေးတွေ နံ့လှပါပြီ။ တယ်ပြီး မထူးခြားလှပါဘူး။ ယခုတော့ နွားနို့နှင့် ကြက်ဥစိမ်း အားထားနေတာပါပဲတဲ့။ သည်တော့ အဘိုးကြီးတစ်ယောက်က ယောမင်းကြီး ဦးဘိုးလှိုင်ရေး ဥတုဘောဇနကျမ်းမှာ ငယ်ရွယ်သော ဣတ္ထိယများကို ယူရမည်လေး၊ ဘာလေးနဲ့ဟာ... ထွေထွေရာရာတွေ မလျော်တဲ့စကားတို့ကို လျှောက်ပြောတော့ ဘိုးဘိုးကြီးက ဩော်... တယ်ကောင်းတဲ့ သုတ်တရားတွေပါကလားလို့ အောက်မေ့ပြီး ထွက်ပြေးရပါဗျား၊ ဒါကြောင့် မိန်းကလေးပြောတာ အမှန်ချည်းပဲ၊ ကာလက အဘိုးကြီးတွေ သောင်းကျန်းတဲ့ ကာလကလားကွဲ့။

**မောရာဝတီ။** ။ တန်ပါရှင်၊ ကာလအဘိုးကြီးတွေ၊ အလကားရူးလို့ ကလက်တာ။ ကျွန်မတို့လူငယ်တွေက နားအထူးရှက်လှပါတယ်။ သို့ရာတွင် ဘုရားဖူးထွက်ဖို့ အပြီးမှန်းရက်ကမို့ ခရီးလမ်းကလေးသာ ညွှန်ပြပါတော့ ဘိုးဘိုးရှင့်။

**ဘိုးဘိုး။** ။ ကောင်းလှပြီ၊ သွားရမည့်ခရီးစခန်းကို နည်းလမ်းပါ အကုန်သိစေဖို့။ စုံစုံစိစိကလေး ပြောရမှာပ။ နားထောင်စမ်း မိန်းကလေး... ဟော...ရန်ကုန်မြို့လူအလာစုံတဲ့ ဘူတာရုံ ကွမ်းခြံက ဆင်းရမှာကိုး၊ အဲ...လမ်းမှန်မယွင်း မော်လမြိုင်ရထားသည် နေ့မခြား ရက်စဉ်ထွက်သောကြောင့် နက်ဖြန် နံနက် ၆ နာရီက ရောက်ခါအမိလိုက်လိုဘိသော် ကျိုက်ထိုအထိ တတိယတန်းက ရောပြွမ်း၍ အကျပ်အတည်းပဲအများတစ်သင်းတို့နှင့် မဝေးတဲ့ခရီးမို့ တစ်ကျပ်ခွဲ နှစ်ပြားတင်းပေးပြီး လက်မှတ်ခံရလိမ့်မယ်။

**မောရဝတီ** ။ ။ (ဖြတ်၍မေး) သည်လက်မှတ်ခံတော့ ဘယ်မှာခံရသလဲ ရှင့်။

**ဘိုးဘိုး** ။ ။ လက်မှတ်ခံဖို့က နေ့လယ်ရထား၊ ညနေရထား လိုက်ဖို့ဆိုတော့ မြို့ထဲက ကုန်ဈေးတန်းမှာလည်း ဝယ်လို့ရတယ်။ တချို့လက်မှတ်ပေါက်မှာ အလုအယက်မခံချင်တဲ့ လူများကတော့ စောစောစီးစီး ကုန်ဈေးတန်းက လက်မှတ်ကိုဝယ်ပြီး မီးရထားကို စောစောက နေရာရအောင် ဆင်းနေကြတာကလား။ နံနက်စောစော သွားဖို့ဆိုတော့ ဘူတာရုံကျမှ လက်မှတ်ခံရသဗျ၊ အဲသည်ဘူတာရုံ လက်မှတ်ခံတဲ့နေရာမှာလည်း အလွန်ဒုက္ခရောက်တယ်။ လက်မှတ်ပေါက်ကလေး တစ်ခုတည်းမှာ ယောကျ်ားတွေဟာ ကုလားရော၊ တရုတ်ရော၊ မြန်မာရော လူအမျိုးမျိုးတို့ဟာ တိုးခွေ့ပြီး သူဦးငါဦး ဝယ်ကြတာလား။ အဲသည်အထဲမှာ တချို့က လက်မှတ်ဝယ်မလိုလိုနှင့် ယောင်ပေါင်ပြီး အတင်းတိုးဝင်၍ အကျီအိတ်ထဲမှာ ရွှေတိုငွေစကလေး ခါးပိုက်နှိုက်

mgyoe.com